# အမှာစာ

ဖခင်များနေ့ရောက်လာတိုင်း အသက်ရှင်ကျန်နေကြသော ကျေးဇူးရှင်ဖခင်များအား ဂါရဝပြုကန်တော့ ကြသည့် သားသမီးများကိုကြည့်ပြီး၊ အလွန်အားကျကျေနပ်မိကြပါသည်။ MC ဇနီးမောင်နှံတွင် ဖခင်များ မရှိကြတော့ပါ။ ကျေးဇူးရှင်ဖခင်များကို တသသနှင့်အောက်မေ့နေမိကြပါသည်။ ငယ်စဉ်ခလေးလေးဘဝမှာ ဖခင်အပေါ်အားကိုးအားထား နွဲ့ဆိုးဆိုးခဲ့သည်များကိုလည်း သတိရမိကြပါသည်။

ဖခင်များနေ့ရောက်တိုင်း၊ ဘုရားကျောင်းထဲတွင် ဖခင်များကို ဂုဏ်ပြုသည့်အနေဖြင့် ရင်ထိုးငယ်များ၊ ပန်းကလေးများ ကိုယ်တိုင်ထိုးပေးလေ့ရှိခဲ့သည်။ ဘုရားကျောင်းထဲတွင် ဖခင်ကိုရှာပြီး၊ အပြေးအလွှားရင်ထိုးကို လိုက်ထိုးပေးပြီး၊ ဖခင်၏ အနမ်းကိုရရှိကာ၊ ဖခင်၏လက်ကို ခိုင်ခိုင်မာမာဆုပ်ကိုင်ပြီး၊ အနားကမခွါဘဲ၊ နေထိုင် ခဲ့ရသောအချိန်များကို ပြန်လည်တမ်းတမိကြပါသည်။

ကျွန်ုပ်တို့၏ ဖခင်များသည် အဖဘုရားသခင်၏ စောစီးစွာခေါ်တော်မူခြင်းကိုခံခဲ့ကြရပါသည်။ ဖခင် များမရှိတော့သော်လည်း၊ ဖခင်သဖွယ် အစစအရာရာအားကိုးအားထားပြုရသော ဘုရားလူကြီးများ၏ မေတ္တာ၊ ကရုဏာ၊ အားပေးကူညီမှုဖြင့် ဘုရားကျောင်းထဲတွင် နွေးထွေးမှုကိုခံယူခဲ့ကြရပါသည်။

စာရေးသူတို့အရွယ်ရောက်လို့ ဘုရားကျောင်းအမှုတော်ဆောင်လူကြီးတာဝန်များကို ယူလာကြသည့် အခါတွင် မိခင်များနေ့၊ ဖခင်များနေ့တို့၌ ဂုဏ်ပြုခြင်းကိုခံကြရပါသည်။ စာရေးသူ MC ဇနီးမောင်နှံတွင် ရင်၌ ဖြစ်သော သားသမီးအရင်းများ မထွန်းကားသော်လည်း၊ ဘုရားကျောင်းမှလူငယ်များက၊ မိဘသဖွယ်၊ ဆက်ဆံဂုဏ်ပြုလာသည့်အခါတွင် အလွန်ပင်ဝမ်းသာပီတိဖြစ်ကြရပါသည်။ တခါတရံ မိဘများရပ်ဝေး၌ရှိသော  သတို့သား၊ သတို့သမီးများ၏ မင်္ဂလာဆောင်ပွဲများတွင် မိဘအဖြစ် ပါဝင်ခွင့်ရသည့်အခါများတွင် ရင်ထဲမှ လှိုက်လှိုက်လှဲလှဲဝမ်းသာမိကြပါသည်။ တကယ့်မိဘများ၏ ခံစားချက်များကိုလည်း၊ စာနာခံစားမိကြသည်။ မိဘတိုင်းသည် သားသမီးများအပေါ်တွင် မိမိတို့တတ်နိုင်သမျှအကောင်းဆုံးကို ပေးချင်၊ ပြုစုချင်ကြသည် ဆိုသည့်စကားကို ယုံမှားသံသယရှိရန်အကြောင်းမမြင်နိုင်တော့ပါ။ “သင်တို့အဘသည် ကောင်းသောသူ၊ မကောင်းသောသူတို့အပေါ်၌ ကိုယ်တော်၏နေကိုထွက်စေတော်မူ၏။ ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူတို့အပေါ် ၌ မိုဃ်းကိုရွာစေတော်မူ၏။”(ရှင်မဿဲ၊ ၅း၄၅)။

‘အဖေ’ဟု အခေါ်ခံရသူတိုင်းတွင် မိဘတို့၏ဝတ္တရားရှိကြောင်း၊ ကိုယ်တိုင်ခံစားတတ်လာသည့်အရွယ်ကိုရောက်လာသည့်အခါ၊ ပို၍သိလာရသကဲ့သို့၊ သားသမီးများအပေါ်တွင် အကောင်းဆုံးသောအရာအားလုံးကို ပေးလိုသောစိတ်ဆန္ဒ၊ လောကနေစည်းစိမ်၊ ကံ့လုံ ကြွယ်ဝမှုမရှိသော်ငြားလည်း၊ သားသမီးများ၏လိုအင်ကို ဖြည့်ဆည်း ပေးလိုခြင်းမှာ သားသမီးရှိသောမိဘတိုင်း၏ အပြင်းပြဆုံးသောစိတ်ဆန္ဒပင်ဖြစ်သည်။

ယုံကြည်သူခရစ်ယာန်တိုင်းတွင် ထာဝရဘုရားသခင်ကို ‘အဘ’ဟု ခေါ်ဆိုပိုင်ခွင့် ကျေးဇူးတော်ကို ရရှိပါသည်။ အယောက်စီတိုင်း၏အသက်တာတွင် အဓိကသည် မိမိတို့၏ရုပ်ခန္ဓာအတွင်းမှ စိတ်ဝိညာဉ်ဖြစ်ပါသည်။ မိမိတို့၏ စိတ်ဝိညာဉ်အားဖြင့် ထာဝရဘုရားသခင်အား ‘အဘ’(အဖေ)ဟု ခေါ်ဆိုလျက်ချီးမွမ်းခြင်း၊ ကိုးကွယ်ဝတ်ပြုခြင်းကိုပြုနိုင်ပါက၊ ဤလောကတွင်အောင်မြင်သောသားသမီးများ၊ ကောင်းကြီးခံစားရသောသားသမီးများဖြစ် လာကြမည်ဟု ဖခင်များကိုယ်စားသားသမီးများအား မေတ္တာစကားပါးလိုပါသည်။ လောကဖခင်၊ မွေးဖခင်ရှိနေကြသေးသောသားသမီးအယောက်တိုင်း၊ လောကဖခင်ကွယ်လွန်ခဲ့ပြီးဖြစ်သော၊ ဖခင်ကို မသိ၊ မမြင်ဘဲ၊ အသက်ရှင်နေရသောသားသမီးများအယောက်တိုင်းသည် ဝိညာဉ်ဖခင်ထံ လိုသမျှတောင်းလျှောက်နိုင်ကြောင်း၊ မေတ္တာစကားပါးလိုပါသည်။ ကျွန်ုပ်တို့၏ခေါ်သံကို ဝမ်းသာစွာနားညောင်းပြီး၊ ကောင်းချီးပေးလိုသောအဖဖြစ်သည်။

ဖခင်များနေ့၌ ဤကျမ်းပိုဒ်ဖြင့်၊ အဖေ့ထံဆုတောင်းကြပါစို့။ (ရှင်မဿဲ၊ ၆း၉–၁၃) “ကောင်းကင်ဘုံ၌ရှိတော်မူသော အကျွန်ုပ်တို့၏အဘ၊ ကိုယ်တော်၏နာမတော်အား ရိုသေလေးမြတ်ခြင်းရှိပါစေသော်၊ ... ”

အမှုတော်မြတ်၌

Thang Nang Lian Thang & Ma Yin Yin @ Julia Man Ngaih Hau

(Publishers and editors)

Myanmar Christian Communication Bulletin

Tokyo, Japan

# မာတိကာ


| | | |
|---|---|---|
| ၁။ ဆုတောင်းခြင်း၌ဘုရားသခင်၏အလိုတော်၊ (Rev. Kenneth E. Hagin) | စာမျက်နှာ | ၄ |
| ၂။ ဘဝခရီးနှင်စေသောရည်ရွယ်ချက်၊ (ဆရာအောင်သက်ညွှန့်) | ။ | ၇ |
| ၃။ သတင်းတိုထွာ | ။ | ၁၁ |
| ၄။ သင်၏ဖခင် မည်သူနည်း၊ (Rev. Khoi Lam Thang) | ။ | ၁၂ |
| ၅။ ထာဝရဘုရားကိုမြော်လင့်ခြင်း၊ ( ဂျူလီယာထန်) | ။ | ၁၆ |
| ၆။ ယုဒသန်နှင့်မြန်မာရွှေပြည်၊ (မောင်စင်ကြယ်) | ။ | ၂၁ |


## Myanmar Christian Communication Services


**Editor**
**Myanmar Christian Communication Service**
**1-11-13 Shin Ohashi, Yonezawa Bldg. 4.F. Koto-ku 135-0007 Tokyo, Japan**
☎- & 🖷 - **03-5625-9056**
e✉ - **haukhek@yahoo.com**, e✉ - **lianthang@hotmail.com**



ဤစာစောင်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ပါဝင်အားပေးကြသော၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများနှင့်တကွ အလှူငွေအားဖြင့်ပါဝင်ကြသော ဓမ္မမိတ်ဆွေများ၊ လစဉ် အလှူငွေအားဖြင့်ပါဝင်သော ဘုတ်ဘုတ် ***(Ms. Cing Lam Mang)***အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မှတ်တမ်းတင်အပ်ပါသည်။ ရင်းပြင် ဆုတောင်းခြင်းအားဖြင့်သော်၎င်း၊ စာမူများပေးပို့ခြင်းအားဖြင့်သော်၎င်း၊ ပါဝင်ကြသော ယုံကြည်သူအပေါင်းတို့အပေါ် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာများ သာ၍ကြွယ်ဝစွာ သက်ရောက်ပါစေကြောင်း၊ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

# ဆုတောင်းခြင်း၌ ဘုရားသခင်၏အလိုတော်

**ဆရာကြီးကဲနက်(သ်)၊ ဒီး၊ ဟေဂင်**

## ဆုတောင်းခြင်းနှင့်ပတ်သက်၍ ရှင်ပေါလု၏ပြောဆိုချက် (အပိုင်း–။)
## သင်ခန်းစာ (၈)

ကျမ်းညွှန်း – ၁တိ ၂း၁၊ ၁၊ ၈၊ ၄း၁–၅။
အခြေခံသမ္မာတရား – ဘုရားသခင်အား နာခံဆက်ကပ်မှုဖြင့် ဆုတောင်းခြင်းသည် ကောင်းကင်ထိ ရောက်ရှိသည်။

ရှင်ပေါလု တိမောသေထံသို့ စာရေးသားရာတွင် ဆုတောင်းခြင်းနှင့်ပတ်သက်သည့် ညွှန်ကြားချက်များ ပေးခဲ့သည်။ ထိုအချိန်က တိမောသေသည် ဧဖက်သစ်အသင်းတော်တစ်ခု၏ သင်းအုပ်ဖြစ်သည်။

**နိုင်ငံခေါင်းဆောင်များအတွက် ဆုတောင်းရန်**

(၁တိ ၂း၁–၂)ငါတို့သည် ဘုရားဝတ်၌မွေ့လျော်ခြင်း၊ လျောက်ပတ်စွာကျင့်ခြင်းအမျိုးမျိုးကိုပြု၍ ငြိမ်ဝပ် ဆိတ်ညံ့စွာနေရမည့်အကြောင်း ရှင်ဘုရင်မှစ၍ မင်းအာဏာရှိသောသူအပေါင်းတို့နှင့် လူအမျိုးမျိုးတို့ အဘို့ ဆုတောင်းပဌနာပြုခြင်း၊ မေတ္တာပို့ခြင်း၊ ကျေးဇူးတော်ကိုချီးမွမ်းခြင်းကို ရှေ့ဦးစွာပြုစေခြင်းငှါ ငါတိုက်တွန်း သွေးဆောင်၏။

အမြဲတမ်းဆိုသလိုပင် ဆုတောင်းခြင်းအရာ၌ မိမိကိုယ်မိမိ ဦးစားပေးကြသည်။ တစ်ခါတစ်ရံ ဆုတောင်း ခြင်းသည် မိမိအတွက်၊ မိမိအသက်တာအတွက်နှင့် မိမိလိုအပ်ချက်များအတွက်နှင့်ပင် ပြီးဆုံးသွားသည်။

သို့ရာတွင် ရှင်ပေါလုက တိမောသေအား ညွှန်ကြားရာ၌ "လူအမျိုးမျိုးတို့အဘို့ ဆုတောင်းပဌနာပြု ခြင်း၊ မေတ္တာပို့ခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်းကို ရှေ့ဦးစွာပြုစေခြင်းငှါ ငါတိုက်တွန်းသွေးဆောင်၏" ထပ်မံ၍ ပိုမိုတိကျစွာ "ရှင်ဘုရင်မှအစ မင်းအာဏာရှိသောသူအပေါင်း"ဟု ထပ်မံ၍ ဖော်ပြခဲ့သည်။ (ထိုခေတ်ကာလ ပြည်သူများအား ဘုရင်များက အုပ်ချုပ်ပြီး ယခုခေတ် သမတများနှင့်အခြားနိုင်ငံခေါင်းဆောင်များကဲ့သို့ပင် ဖြစ်သည်။)

ရှင်ပေါလုသည် အဘယ်ကြောင့် မင်းအာဏာရှိသူများအတွက် ဆုတောင်းခိုင်းသနည်း။ "ငါတို့သည် ဘုရားဝတ်၌မွေ့လျော်ခြင်း၊ လျောက်ပတ်စွာကျင့်ခြင်းအမျိုးမျိုးကိုပြု၍ ငြိမ်ဝပ်ဆိတ်ညံ့စွာနေရမည်အကြောင်း..." ကျွန်ုပ်တို့နေထိုင်သောတိုင်းနိုင်ငံ၌ အဖြစ်အပျက်အားလုံးသည် ကျွန်ုပ်တို့အပေါ်တွင် အကျိုးသက်ရောက်မှု ရှိသည်။ တိုင်းပြည်ခေါင်းဆောင်များသည် ခရစ်ယာန်ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ၊ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဂရုစိုက်သဖြင့် ကျွန်ုပ်တို့အတွက်အရာရာကို လုပ်ဆောင်ပေးလိမ့်မည်။

ဤနေရာတွင် ကိုယ်စားပြုခြင်းပါဝင်လာကြောင်း သတိပြုပါ။ အာဗြဟံသည် သောဒုံနှင့်ဂေါမောရမြို့ များအတွက် ဘုရားသခင်ထံတော်၌ ကိုယ်စားပြုအသနားခံစဉ်က ဘုရားသခင်ကိုယ်တိုင်ကပင် ထိုမြို့များကို မဖျက်ဆီးမီ အာဗြဟံနှင့်ဆွေးနွေးပါသည်။ အာဗြဟံက ထိုမြို့များတွင်ဖြောင့်မတ်သူ(၁၀)ဦးရှိပါက မဖျက်ဆီးရန် တောင်းပန်သောအခါ ထာဝရဘုရားက "တစ်ဆယ်အတွက် ငါမဖျက်ဆီးပဲနေမည်ဟု မိန့်တော်မူ၏။"(ကမ္ဘာ ၁၈း၃၂)။ ကျွန်ုပ်တို့နိုင်ငံ၌ (၁၀)ဦးထက်မက ဖြောင့်မတ်သူများရှိနေသဖြင့် ကျွန်ုပ်တို့အနေနှင့်စိုးရိမ်ပူပန်ရန်

မလိုအပ်သော်လည်း တိုင်းနိုင်ငံနှင့် နိုင်ငံ့ခေါင်းဆောင်များအတွက် ကိုယ်စားပြုတောင်းခံရန်လိုအပ်သည်။ ဘုရားသခင်က ကျွန်ုပ်တို့တောင်းခံသည့်အတွက်ပင် အချို့အရာများကို လုပ်ဆောင်ပေးသည်။

**ကောင်းကင်ပေါ်သို့ လက်များကိုမြှောက်ပင့်၍ ဆုတောင်းပါ၊**

(၁တိ၊ ၂း၈) သို့ဖြစ်၍ အရပ်ရပ်တို့၌ ယောကျ်ားတို့သည် အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်းမရှိဘဲ သန့်ရှင်းသောလက်များကိုချီ၍ ဆုတောင်းစေခြင်းငှါ ငါအလိုရှိ၏။ အရပ်ရပ်တို့၌ရှိသော ယောကျ်ားတို့သည် ဆုတောင်းရမည်ဟူသောအချက်ကို မည်သူမျှ အငြင်းပွားကြမည် မဟုတ်ပေ။ သို့ရာတွင် ဆုတောင်းခြင်းနှင့်ပတ်သက်၍ ရှင်ပေါလု၏ ညွှန်ကြားချက်များတွင် တိတိကျကျထံမံဖော်ပြထားသည်။ "အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်းမရှိဘဲ သန့်ရှင်းသောလက်များကိုချီ၍..."

အငြင်းအခုံ သံသယမရှိဘဲနှင့် ဆုတောင်းကြရန် လူတိုင်းကိုတိုက်တွန်းကြရမည်။ "ငါအမှန်အကန်ဆိုသည်ကား အကြင်သူသည် ယုံမှားသောစိတ်နှင့်ကင်း၍ မိမိဆိုသည့်အတိုင်းဖြစ်မည်ဟု ယုံကြည်လျက်၊ ထိုတောင်ကိုနေရာမှရွေ့လော့၊ ပင်လယ်၌ကျလော့ဆိုလျှင် ထိုသူဆိုသည့်အတိုင်း ဖြစ်လိမ့်မည်။"(မာကု ၁၁း၂၃) (အမျက်ထွက်လျက် ဆုတောင်းခြင်းကို မည်သူမျှ လုပ်ဆောင်မည်မဟုတ်ကြောင်း ကျွန်ုပ်ယုံကြည်ပါသည်။)

ဤကျမ်းချက်တွင်ပါရှိသော ရှင်ပေါလု၏ညွှန်ကြားချက်(၃)ခုအနက် (၂)ခုကို လိုက်နာရန် လှုံ့ဆော်ပြီးနောက် တတိယအချက်ကိုပါလိုက်နာရန် တိုက်တွန်းပါသည်။

"သန့်ရှင်းသောလက်များကိုချီ၍ "

ဂိုဏ်းဂဏဆိုင်ရာအသင်းတော်များမှ လူများအတွက် ဆုတောင်းရာ၌ လက်များကိုချီပင့်ခြင်းကို စတင်လုပ်ဆောင်ရာ၌ ခက်ခဲပေလိမ့်မည်။ ကျွန်ုပ်ကိုယ်တွေ့အရပင် လက်များကိုချီပင့်၍ ဆုတောင်းခြင်းသည် အစဦး၌ ကျွန်ုပ်အတွက် အခက်ခဲဆုံးသောအရာဖြစ်သည်။

"လုပ်ဆောင်ရန် လိုအပ်ပါသလား"ဟု မေးခွန်းထုတ်နိုင်ပေသည်။ ဤကဲ့သို့လုပ်၊ မလုပ်သည် သင့်အပေါ်၌သာမူတည်ပါသည်။ သို့ရာတွင် ဤကျမ်းပိုဒ်ကို လိုက်နာပါက တစ်စိတ်တစ်ပိုင်းသာမဟုတ်ဘဲ အဘယ်ကြောင့် အပြည့်အစုံမလိုက်နာနိုင်သနည်း။ ဓမ္မသစ်ပုံစံအားဖြင့် အဘယ်ကြောင့် ဆုမတောင်းနိုင်သနည်း။

သန့်ရှင်းသောဝိညာဉ်တော်၏ လှုံ့ဆော်မှုကြောင့် ရှင်ပေါလုက အသင်းတော်သို့ ရေးသားနေခြင်းဖြစ်သဖြင့် ကျွန်ုပ်အနေနှင့် လိုက်နာရပေမည်။ တစ်စိတ်တစ်ဒေသသာမဟုတ်ဘဲ ကျမ်းပိုဒ်တစ်ခုလုံးသည် ဘုရားသခင်၏လှုံ့ဆော်မှုကြောင့်ဖြစ်သဖြင့် ကျွန်ုပ်တို့အနေနှင့်သတိပြုရမည်။

**ဆုတောင်းခြင်းကို သန့်ရှင်းစင်ကြယ်စေခြင်း။**

(၁တိ၊ ၄း၁-၅)ဝိညာဉ်တော်သည် အတိအလင်းဗျာဒိတ်ထားတော်မူသည်ကား နောင်ကာလ၌ သြတ္တပ္ပစိတ်တွင် သံပူနှင့်ခတ်ခြင်းကိုခံပြီးလျှင် မုသာစကားကို ပြောတတ်သောသူတို့၏ လျှို့ဝှက်ခြင်းအားဖြင့် လူအချို့တို့သည် ယုံကြည်ခြင်းကို စွန့်ပယ်၍ လှည့်ဖျားတတ်သောစိတ်ဝိညာဉ်တို့၌လည်းကောင်း၊ နတ်ဘုရားတို့နှင့်စပ်ဆိုင်သောဩဝါဒတို့၌၎င်း၊ မှီဝဲဆည်းကပ်ကြလိမ့်မည်။ မင်္ဂလာဆောင်ခြင်းအမှုကို မပြုရဟူ၍၎င်း၊ ယုံကြည်၍သမ္မာတရားကိုသိသောသူတို့သည် ကျေးဇူးတော်ကိုသိသောစိတ်နှင့်တကွ သုံးဆောင်ရာ ဘုရားသခင် ဖန်ဆင်းတော်မူသောအစာမျိုးကိုရှောင်ရမည်ဟူ၍၎င်း၊ ပညတ်ထားကြလိမ့်မည်။ ဘုရားသခင်ဖန်ဆင်းတော်မူသမျှသည် သုံးစရာကောင်း၏ ကျေးဇူးတော်ကို သိသောစိတ်နှင့်ခံယူလျှင် ဘယ်အရာကိုမျှ မပယ်မရှောင်ရ။ အကြောင်းမူကား ဘုရားသခင်၏နှုတ်ကပတ်တရားတော်အားဖြင့်၎င်း၊ ဆုတောင်းခြင်းအားဖြင့်၎င်း အရာရာတို့သည် စင်ကြယ်လျက်ရှိ၏။

ဤကျမ်းပိုဒ်၌ ပေါလုသည် အပြစ်သားများ၊ မယုံကြည်သူများကို ရည်ညွှန်း၍ ပြောဆိုနေခြင်းမဟုတ်

ပေ။ ယုံကြည်ခြင်းမှကင်းကွာသွားသော ယုံကြည်သူများအကြောင်း ပြောဆိုနေခြင်းဖြစ်သည်။ "လူအချို့တို့သည် ယုံကြည်ခြင်းကို စွန့်ပယ်၍ လှည့်ဖြားတတ်သောစိတ်ဝိညာဉ်တို့၌၎င်း၊ နတ်ဘုရားတို့နှင့်စပ်ဆိုင်သော ဩဝါဒတို့၌၎င်း မှီဝဲဆည်းကပ်ကြလိမ့်မည်။"(၁တိ၊ ၄း၂)

(၁တိ၊ ၄း၃)တွင် နတ်ဘုရားတို့၏ ဩဝါဒများကို ထပ်မံဖော်ပြသည်။ "မင်္ဂလာဆောင်ခြင်း အမှုကို မပြုရဟူ၍၎င်း၊ ဘုရားသခင်ဖန်ဆင်းတော်မူသောအစာမျိုးကို ရှောင်ရမည်ဟူ၍၎င်း" ဤကဲ့သို့ မှားယွင်းသော သွန်သင်မှုများနောက်သို့ လိုက်ပါသွားသောသူ မြောက်မြားစွာကို ကျွန်ုပ်တို့တွေ့ရှိခဲ့ပြီးဖြစ်သည်။

သန့်ရှင်းသောဝိညာဉ်တော်၏ လှုံ့ဆော်မှုအရ အစားအစာနှင့်ပတ်သက်သည့်အကြောင်းများကို ပေါလုက ထပ်မံပြောဆိုသည်။ "ဘုရားသခင် ဖန်ဆင်းတော်မူသမျှသည် သုံးစရာကောင်း၏။ ကျေးဇူးတော်ကို သိသောစိတ်နှင့် ခံယူလျှင် အဘယ်အရာကိုမျှ မပယ်မရှောင်ရ။ အကြောင်းမူကား ဘုရားသခင်၏ နှုတ်ကပတ်တရားတော်အားဖြင့်၎င်း၊ ဆုတောင်းခြင်းအားဖြင့်၎င်း အရာရာတို့သည် စင်ကြယ်လျက်ရှိကြ၏။"

ဘုရားသခင်ထံတော်မှလူများ လွဲဖယ်သွားစေရန် စာတန်မာရ်နတ်သည် နည်းမျိုးစုံကို အသုံးပြုသည်။ တစ်ခါက ကျွန်ုပ်သိရှိသော အမှုတော်ဆောင်တစ်ဦးသည် ပျောက်ဆုံးသောဝိညာဉ်များကို ကယ်တင်ရာ၌ အလွန်ထိရောက်သောသူတစ်ဦးဖြစ်သည်။ ၎င်းအားဖြင့် မတော်တဆ ကယ်တင်ခြင်းရရှိသွားသူများသည် ရည်ရွယ်ချက်အလေးအနက်ထားပြီး လုပ်ဆောင်နေသူများထက် သာ၍များပြားသည်။

သို့ရာတွင် အစားအသောက်နှင့်ပတ်သက်၍ ဓမ္မဟောင်းပညတ်ချက်များအတိုင်း လိုက်နာရန်သွန်သင်ပြီး လူများ၏အစားအသောက်များကို ကန့်သတ်ဟန့်တားနေခြင်းအားဖြင့်၊ အချိန်များကုန်ခဲ့သည်။ ဤလုပ်ဆောင်မှုအားဖြင့် ကယ်တင်ခြင်းရရှိသူများကို ကျွန်ုပ်မသိပါ။ မိမိ၏အဓိကအမှုတော်ဆောင်လုပ်ငန်းဖြစ်သည့် ပျောက်ဆုံးသောဝိညာဉ်ရှာဖွေခြင်းလုပ်ငန်းအား စာတန်မာရ်နတ်သည် ဝင်ရောက်နှောက်ယှက်ဟန့်တားခဲ့သည်။

ကျွန်ုပ်အား ဝက်သားစားပါသလားဟု သူတစ်ပါးတို့ကမေးလျှင် စားပါသည်ဟု ပြန်လည်ဖြေဆိုပါသည်။ ရှင်ပေါလုသွန်သင်သည့်အတိုင်း "နှုတ်ကပတ်တရားတော်အားဖြင့်လည်းကောင်း၊ ဆုတောင်းခြင်း အားဖြင့်လည်းကောင်း၊ အရာရာတို့သည် စင်ကြယ်လျက်ရှိ၏။" ဘယ်အရာကိုမဆို စားလိုကစားနိုင်သည်။ အဘယ်ကြောင့်ဆိုသော် "ဘုရားသခင် ဖန်ဆင်းတော်မူသမျှသည် သုံးစရာကောင်း၏။ ကျေးဇူးတော်ကို သိသောစိတ်နှင့်ခံယူလျှင် ဘယ်အရာကိုမျှ မပယ်မရှောင်ရ"(၁တိ၊ ၄း၄)

ကျွန်ုပ်တို့သည် အစာအဟာရကို ဆုတောင်းခြင်းအားဖြင့်လည်းကောင်း၊ နှုတ်ကပတ်တရားတော်အားဖြင့်လည်းကောင်း၊ သင့်တင့်မျှတစွာ စားသောက်နိုင်သည်။ စားသုံးသည့် အစာအဟာရမှန်သမျှသည် ဥပါဒ်မဖြစ်စေနိုင်။ ကျွန်ုပ်သည်စင်ကြယ်စေပြီးဖြစ်သည်။ လူအများသည် ဤအစာနှင့်မတည့်၊ ထိုအစာနှင့်မတည့်ဟု ပြောဆို၍ မစားဘဲ ရှောင်ရှားကြသည်။ ဤကျမ်းပိုဒ်၌ ပေါလုသွန်သင်ထားသကဲ့သို့ သန့်ရှင်းစင်ကြယ်သော အရာကိုမစားဘဲ ရှောင်ရှားရန်မလိုအပ်ပါ။

ဤကဏ္ဍနှင့်ပတ်သက်၍ အသင်းတော်လောကထဲတွင် သတိပြုရှောင်ရှားရန် အစိတ်အပိုင်းအမျိုးမျိုးရှိပါသည်။ ရှင်ပေါလုက "လှည့်ဖြားတတ်သောစိတ် ဝိညာဉ်တို့၌လည်းကောင်း၊ နတ်ဘုရားတို့နှင့်စပ်ဆိုင်သော ဩဝါဒတို့၌လည်းကောင်း၊ မှီဝဲဆည်းကပ်ကြလိမ့်မည်။

**ကျက်မှတ်ရန်ကျမ်းချက်**

သို့ဖြစ်၍ အရပ်ရပ်တို့၌ ယောကျ်ားတို့သည် အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်းမရှိဘဲ၊ သန့်ရှင်းသောလက်များကိုချီ၍၊ ဆုတောင်းစေခြင်းငှါ ငါလိုရှိ၏။ (၁တိ၊ ၂း၈)

ဆက်လက်ဖော်ပြပါမည်။

# ဘဝခရီးနှင့်စေသောရည်ရွယ်ချက်

ဆရာအောင်သက်ညွန့်

## အမှန်တရားအားဖြင့် အသွင်သဏ္ဍာန်ပြောင်းလဲခြင်း၊

ယေရှုကလည်း လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရမည်မဟုတ်။
ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်
ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏။ (ရှင်မဿဲခရစ်ဝင် ၄း၄)
ညီအစ်ကိုတို့၊ ယခု ငါသည် သင်တို့ကို ဘုရားသခင်၌ အပ်နှံ၏။
သင်တို့ကို တည်ဆောက်ခြင်းငှါရင်း၊ သန့်ရှင်းသောသူအပေါင်းတို့နှင့်အတူ
သင်တို့အားအမွေပေးခြင်းငှါရင်း၊ တတ်နိုင်သော ဘုရားသခင်၏
ကျေးဇူးတော်တရား၌လည်း သင်တို့ကို ငါအပ်နှံ၏။ (တမန်တော်ဝတ္ထု ၂၀း၃၂)

အမှန်တရားက ကျွန်ုပ်တို့ကို အသွင်သဏ္ဍာန် ပြောင်းလဲစေတယ်။

ဝိညာဉ်ရေးရာ ကြီးထွားမှုဆိုတာ လိမ်ညာမှုနေရာမှာ အမှန်တရားနဲ့ အစားထိုးခြင်းဖြစ်စဉ်ပဲဖြစ်တယ်။ သခင်ယေရှုက ဒီလို ဆုတောင်းခဲ့တယ်။ “ကိုယ်တော်၏ သမ္မာတရားအားဖြင့် သူတို့ကို သန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်ပါ၏။”(ယော ၁၇း၁၇)၊ အထွဋ်အမြတ်ဖြစ်ခြင်း၌ ဗျာဒိတ်တော်လိုအပ်တယ်။ ဘုရားသခင်ရဲ့ ဝိညာဉ်တော်က ကျွန်ုပ်တို့ကို ဘုရားသခင်၏သားတော်နှင့်တူလာစေရန်အတွက် ဘုရားသခင်ရဲ့နှုတ်တော်ထွက်စကားများကို အသုံးပြုတယ်။ ခရစ်တော်နဲ့တူလာစေဖို့ ဆိုရင် ကျွန်ုပ်တို့အသက်တာမှာ သူ့ရဲ့နှုတ်ကပတ်တော်နဲ့ပြည့်နေရမယ်။ သမ္မာကျမ်းစာက ဒီလိုပြောထားတယ်။ “ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှါ ပြင်ဆင်သောသူဖြစ်မည်အကြောင်း၊ သြဝါဒပေးခြင်း၊ အပြစ်ကို ဘော်ပြခြင်း၊ ဖြောင့်မတ်စွာ ပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်းကျေးဇူးများကို ပြုတတ်၏။ (၂တိ၊ ၃း၁၇)။

ဘုရားသခင်ရဲ့နှုတ်ကပတ်တော် သမ္မာတရားက အခြားသောစကားတို့နှင့်မတူပါဘူး။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တရားတော်ဟာ အသက်ရှင်ခြင်း၊ (ဟေဗြဲ၊ ၄း၁၂၊ တ၊ ၇း၃၈၊ ၁ပေ၊ ၁း၂၃) ဖြစ်တယ်။ သခင်ယေရှုက ဒီလိုပြောခဲ့တယ်။ “ဝိညာဉ်သာလျှင် အသက်ရှင်စေ၏။ ကိုယ်ကာယသည် အလျှင်းမတတ်နိုင်၊ ငါပြောသောစကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်းဖြစ်၏။”(ယော၊ ၆း၆၃)။ ဘုရားသခင်စကားပြောတော်မူသောအခါ၌ အရာဝတ္ထုများဟာ ပြောင်းလဲသွားရတယ်။ သင့်ဝန်းကျင်မှာရှိတဲ့အရာတွေအားလုံး၊ ဖန်ဆင်းမှုတွေအားလုံးဟာ တည်ရှိနေကြတယ်။ ဘာကြောင့်လဲဆိုတော့၊ “ဘုရားသခင် အမိန့်တော်ရှိတော်မူတဲ့အတွက်”ဖြစ်တယ်။ ဒီအရာတွေအားလုံးကို တည်ရှိအသက်ရှင်စေဖို့ သူက မိန့်တော်မူခဲ့တယ်။ ဘုရားသခင်ရဲ့မိန့်ကြားမှုသာမရှိရင် သင်ဟာ အသက်တောင်ရှင်ခွင့်ရမှာမဟုတ်ဘူး။ ရှင်ယာကုပ်က ဒီလိုထောက်ပြခဲ့တယ်။ “နိမ္မိတသတ္တဝါတို့တွင် ငါတို့သည် အဦးသီးသောအသီးကဲ့သို့ဖြစ်စေခြင်းငှာ၊ သမ္မာတရားစကားအားဖြင့်၊ မိမိအလိုတော်အတိုင်း ငါတို့ကို ဖြစ်ဘွားစေတော်မူ၏။”(ယာ၊ ၁း၁၈)။

သမ္မာကျမ်းစာဟာ ဩဝါဒလမ်းညွှန်မှု စာအုပ်ထက်နိုင်းမရအောင် သာလွန်ကြီးမြတ်တယ်။ ဘုရားသခင်ရဲ့ သမ္မာတရားဟာ ဘဝအသက်တာကို ဖြစ်ပေါ်လာစေတယ်။ အပြောင်းအလဲတွေ ပြုလုပ်ပေးတယ်။ နတ်ဆိုးတွေကိုခြောက်လှန့်မောင်းထုတ်ပစ်တယ်။ အံ့ဩဘွယ်နိမိတ်လက္ခဏာတွေဖြစ်စေတယ်။ စိတ်နာကျင်မှုတွေကို ကုသပေးတယ်။ စာရိတ္တကို တည်ဆောက်ပေးတယ်။ အခြေအနေတွေကို ပြောင်းလဲလာစေတယ်။ ဝမ်းမြောက်မှုကို ထုတ်ဖော်ပေးတယ်။ ဆင်းရဲဒုက္ခရောက်ခြင်းကိုအောင်မြင်စေတယ်။ စုံစမ်းနှောင့်ယှက်ခြင်းကိုတွန်းလှန်နိုင်တယ်။ မျှော်လင့်ခြင်းကို မွေးဖွားပေးတယ်။ တန်ခိုးကိုထုတ်လွှတ်ပေးတယ်။ ကျွန်ုပ်တို့ရဲ့အတွေးတွေကိုသန့်ရှင်းစေတယ်။ အကြောင်းအရာတွေကို တကယ်ဖြစ်လာစေပြီး၊ ကျွန်ုပ်တို့ရဲ့ အနာဂတ်ကို ထာဝရအာမခံချက်ပေးထားတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်သမ္မာတရားမရှိဘဲ ကျွန်ုပ်တို့အသက်ရှင်မရပ်တည်နေနိုင်ဘူး။ ဒါကို ဘယ်တော့မှ အလွဲယူတလွဲဆံပင်ကောင်း မလုပ်ပါနဲ့။ သမ္မာတရားကို သင့်ရဲ့နေ့စဉ် မရှိမဖြစ် အစာအဟာရလို သဘောထားပါ။ ယောဘက ဒီလိုပြောခဲ့တယ်။ "ထားတော်မူသော ပညတ်တို့ကို ငါမပယ်၊ နှုတ်တော်ထွက်စကားတို့ကို ငါ့ရင်ခွင်၌ သိုထားပါ၏။"(ယောဘ ၂၃း၁၂)။

ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဟာ သင့်ရဲ့ ရည်ရွယ်ချက်ကို ပြည့်စုံစေဖို့အတွက် ဝိညာဉ်ဆိုင်ရာ အစာအဟာရဖြစ်တယ်။ ဒါကို သမ္မာကျမ်းစာက ကျွန်ုပ်တို့သုံးဆောင်ရာ နို့၊ မုန့်၊ ကြေခဲသောအစာ၊ အချိုပွဲ စသည်ဖြင့် ခေါ်ဆိုထားတယ်။ (၁ပေ၊ ၂း၂၊ မ ၄း၄၊ ၁ကော၊ ၃း၂၊ ဆာလံ ၁၁၉း၁၀၃) ဒီစားစရာလေးမျိုးကတော့ ဝိညာဉ်ဆိုင်ရာခွန်အားနဲ့ ကြီးထွားမှုအတွက် ဝိညာဉ်ဆိုင်ရာခွန်အားနဲ့ကြီးထွားမှုအတွက် ဝိညာဉ်ဆိုင်ရာ စားသောက်ဖွယ်စာရင်းဘဲ ဖြစ်တယ်။ ရှင်ပေတရုက ဒီလိုအကြံပြုထားတယ်။ "ကယ်တင်ခြင်းအလိုငှါ နှုတ်ကပတ်တရား၏နို့စစ်အားဖြင့် ကြီးပွားမည်အကြောင်း၊ ဘွားစသော သူငယ်ကဲ့သို့၊ ထိုတရားနို့ကို အလွန်လိုချင်သောစိတ် ရှိကြလော့။ (၁ပေ ၂း၂)။

## ဘုရားသခင်၏ဒေသနာတော်၌

ယနေ့ အချိန်မှာတော့ သမ္မာကျမ်းစာကို ရှေးယခင်ကထက် မတွေ့ဘူး၊ မကြုံဘူးလောက်အောင်ကို ရိုက်နှိပ်ထုတ်ဝေနေကြတယ်။ သို့သော် စာအုပ်စင်ထောင့်တစ်နေရာမှာ သမ္မာကျမ်းစာဟာ တန်ဖိုးမဲ့လျက် ရှိတယ်။ သန်းပေါင်းများစွာသော ယုံကြည်သူများဟာ ဝိညာဉ်ရေးဆိုင်ရာ ခံတွင်းပျက်ရောဂါနှင့် ဒုက္ခရောက်နေကြတယ်။ ဝိညာဉ်ရေးအဟာရချို့တဲ့ပြီးသေခြင်းကို ဆာလောင်မွတ်သိပ်နေကြတယ်။ သခင်ယေရှုရဲ့ ဒေါင်ဒေါင်မြည် တပည့်တော်တစ်ဦးဖြစ်ဖို့အတွက်ဆိုရင် ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို သုံးဆောင်ခြင်းဟာ သင့်ရဲ့ပထမဦးစားပေးတဲ့အရာ ဖြစ်ကိုဖြစ်ရမယ်။ ဒါကို သခင်ယေရှုက "တည်နေခြင်း" လို့ သမုတ်တယ်။ သခင်ယေရှုက ဒီလိုပြောခဲ့တယ်။ "သင်တို့သည် ငါ၏ဒေသနာ၌တည်လျှင်၊ ငါ့တပည့်အမှန်ဖြစ်ကြ၏။"(ယော၊ ၈း၃၁) နေ့စဉ် အသက်ရှင်ခြင်းတွင် ဘုရားသခင်၏ဒေသနာ၌တည်ခြင်းအထဲတွင် လုပ်ဆောင်မှုသုံးရပ်ပါဝင်သည်။

ကျွန်ုပ်တို့အနေဖြင့် နှုတ်ကပတ်တော်၏ ဩဇာအာဏာကို မလွဲမသွေ လက်ခံအသိအမှတ်ပြုရမည်။ သမ္မာကျမ်းစာဟာ ကျွန်ုပ်ရဲ့ဘဝမှာ ယုံကြည်အားကိုးထိုက်သောစံနှုန်းတိုင်းတာမှုဖြစ်လာရမည်။ ကျွန်ုပ်ရဲ့ဦးတည်ရာ လမ်းကြောင်းအတွက်၊ ယုံကြည်စိတ်ချရသော သံလိုက်အိမ်မြှောင်ဖြစ်ရမယ်။ မှန်ကန်သော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ဖို့အတွက် ကိုးစားရာအတိုင်ပင်ခံဖြစ်ရမယ်။ ပြီးတော့ အရာခပ်သိမ်းကို တန်ဖိုးသတ်မှတ်ခြင်း၌ တိုင်းတာရာ စံညွှန်းဖြစ်ရမယ်။ သမ္မာကျမ်းစာဟာ ကျွန်ုပ်ရဲ့ဘဝမှာ အမြဲတမ်း အစနဲ့ အဆုံး ဖြစ်ရမယ်။

ကျွန်ုပ်တို့မှာရှိတဲ့ ပြဿနာ၊ ဒုက္ခတွေ ဘာကြောင့်ဖြစ်လာရသလဲဆိုရင် အဖြေကတော့၊ ယုံကြည်အားကိုးလို့မရတဲ့အရာတွေအပေါ် အခြေခံပြီး ရွေးချယ်မှုပြုခဲ့တဲ့အတွက်ဖြစ်တယ်။ အဲဒါတွေကတော့ ရိုးရာယဉ်ကျေးမှု(လူတိုင်းလုပ်နေကြတာပဲ)၊ ထုံးတမ်းဓလေ့ (အစဉ်အလာအဖြစ်အမြဲလုပ်လာခဲ့တာပဲ)။အကြောင်းပြချက်(သူ့ကို ကြည့်ရတာ ယုတ္တိကျတယ်)။ သို့မဟုတ်

စိတ်ခံစားမှု (မှန်တယ်လို့ ခံစားရတယ်)။ ဒီလေးခုစလုံးဟာ ရှုံးနိမ့်ကျရှုံးစေမည့် ချွတ်ယွင်းချက်တွေပဲ ဖြစ်တယ်။ ကျွန်ုပ်တို့လိုအပ်တာဟာ ဘာလဲဆိုရင် ကျွန်ုပ်တို့ကို လမ်းမှားမရောက်အောင် ပို့ဆောင်လမ်းပြမည့် ပြီးပြည့်စုံသော စံနှုန်းတစ်ခုဖြစ်တယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဖြင့်သာ ထိုလိုအပ်ချက်ကို တွေ့နိုင်မှာ ဖြစ်တယ်။ ရှောလမုန်မင်းကြီးက ကျွန်ုပ်တို့ကို ဒီလို သတိပေးခဲ့တယ်။ "ဘုရားသခင်၏ စကားတော်ရှိသမျှသည် စင်ကြယ်၏။"(သု၊ ၃၀း၅) ရှင်ပေါလုကလည်း ဒီလိုရှင်းပြထားသေးတယ်။ "ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍ ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှု အမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှါ ပြင်ဆင်သောသူဖြစ်မည်အကြောင်း၊ ဩဝါဒပေးခြင်း၊ အပြစ်ကိုဘော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကို သွန်သင်ခြင်းကျေးဇူးများကိုပြုတတ်၏။")၂တိ၊ ၃း၁၆)

ဘီလီဂရေဟမ် (Billy Graham)ရဲ့ သာသနာလုပ်ငန်းအစောပိုင်းကာလများက သမ္မာကျမ်းစာရဲ့ တိကျမှု၊ ယုံကြည်အားကိုးထိုက်မှုတို့အပေါ် သံသယများနှင့် ရုန်းကန်ခဲ့ရတဲ့အချိန်တွေရှိခဲ့တယ်။ လသာတဲ့ ညတစ်ညမှာတော့ မျက်ရည်စက်လက်နဲ့ဒူးထောက်ပြီး ဘုရားသခင်ကို ဒီလို ရင်ဖွင့်ခဲ့တယ်။ "ကျွန်တော် နားမလည်နိုင်လောက်အောင် ခက်ခဲတဲ့ ကောက်နှုတ်ချက်တွေ ရှိပေမယ့်လည်း၊ အဲဒီအချက်တွေကြောင့်ပဲ သမ္မာကျမ်းစာကို ကျွန်တော့်ဘဝနဲ့ သာသနာပြုလုပ်ငန်းအတွက် တစ်ခုတည်းသောအားထားရာ အဖြစ် အကြွင်းမဲ့ယုံကြည်ပါတော့မယ်။" အဲဒီနေ့က စပြီး ဘီလီဂရေဟမ် (Billy Graham)ရဲ့ ဘဝမှာ သမရိုးကျမဟုတ်သော တန်ခိုးများ၊ ထိရောက်ပေါက်မြောက်သော ဆောင်ရွက်ချက်များနှင့်အတူ ကောင်းချီးပေးခြင်းကို ခံခဲ့ရတယ်။

ဒီကနေ့မှာ သင် လုပ်ဆောင်နိုင်တဲ့ အရေးကြီးဆုံး ဆုံးဖြတ်ချက်ကတော့ ဘယ်အရာက သင့်ဘဝအတွက် အကြီးမြတ်ဆုံးသော အာဏာပိုင်ဖြစ်လာလိမ့်မလဲဆိုတဲ့အရာအပေါ်မှာ အနည်ထိုင် အခြေချပြီး ဆုံးဖြတ်ဖို့ပဲ။ ရိုးရာ ယဉ်ကျေးမှု၊ ထုံးတမ်းဓလေ့၊ အကြောင်းပြချက် သို့မဟုတ် စိတ်ခံစားမှုတို့ကို ပမာဏမထားဘဲ သမ္မာကျမ်းစာကိုသာ သင့်ရဲ့ နောက်ဆုံးသော အာဏာပိုင်အဖြစ် ရွေးချယ်ဖို့ ဆုံးဖြတ်လိုက်ပါ။ ဆုံးဖြတ်ချက်တွေချရတဲ့အခါမှာ "သမ္မာကျမ်းစာက ဘာပြောနေသလဲ"ဆိုတာကို ပထမဦးဆုံးမေးဖို့ သတ်မှတ်ပြဋ္ဌာန်းပါ။ ဘုရားသခင်က တစ်စုံတစ်ခုလုပ်ဖို့ ပြောတဲ့အခါမှာ ဘုရားသခင်ရဲ့ စကားတော်အပေါ်မှာ ယုံကြည်ကိုးစားပြီး အာရုံလာလာ၊ မလာလာ၊ လုပ်ချင်ချင်၊ မလုပ်ချင်ချင် လုပ်ဖို့ သန္နိဋ္ဌာန်ချပါ။ ရှင်ပေါလုရဲ့ ဒီဖော်ပြချက်လေးကို သင့်ရဲ့ ကိုယ်ပိုင်ယုံကြည်ခြင်း ခိုင်မာမှုအဖြစ် မွေးစားပြီး ခွန်အားယူပါ။"ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းတို့၌ စီရင်ရေးထားသမျှတို့ကို အကျွန်ုပ် ယုံပါ၏။"(တ၊ ၂၄း၁၄)။

ကျွန်ုပ်သည် နှုတ်ကပတ်တော်၏အမှန်တရားကို ခံယူသဘောပေါက်ရမည်။ သမ္မာကျမ်းစာကို ယုံကြည်ရုံလောက်နဲ့မလုံလောက်သေးဘူး။ ကျွန်ုပ်ရဲ့ အတွေးတွေကို နှုတ်ကပတ်တော်နဲ့အပြည့်ဖြည့်ရမယ်။ ဒါမှ သန့်ရှင်းသောဝိညာဉ်တော်က ဒီအမှန်တရားနဲ့ ကျွန်ုပ်ကို အသွင်သဏ္ဍာန်ပြောင်းလဲစေမှာ ဖြစ်တယ်။ ဒီလိုလုပ်ဖို့ နည်းလမ်းငါးခုရှိတယ်။ နှုတ်ကပတ်တော်ကို နာယူလက်ခံခြင်း၊ ဖတ်ရှုခြင်း၊ ရှာဖွေသုတေသနလုပ်ခြင်း၊ အောက်မေ့ဆင်ခြင်ခြင်း၊ ပြန်လည်ထင်ဟပ်စေခြင်းတို့အားဖြင့် သင် ပြုလုပ်နိုင်တယ်။

ပထမဆုံးအနေနဲ့ ပွင့်ပွင့်လင်းလင်း ခံယူလိုသောစိတ်သဘောနဲ့ နားထောင်လက်ခံတဲ့အခါမှာ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို သင် လက်ခံရရှိလိမ့်မယ်။ ဒီပျိုးကြဲတဲ့သင်ခန်းစာလေးက ကျွန်ုပ်တို့ရဲ့ အသက်တာမှာ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော် အမြစ်စွဲပြီး၊ အသီးသီးနိုင်ခြင်း ရှိ၊ မရှိ၊ ကျွန်ုပ်တို့ရဲ့ နားလည်လက်ခံလိုမှု ဘယ်လောက်အတိုင်းအတာ အထိရှိသလဲဆိုတာကို သိသာစေမယ်။ သခင်ယေရှုက တံခါးပိတ်ထားသော စိတ်သဘောသုံးခုကို ဖော်ပြခဲ့တယ်။ ဒါတွေကတော့ ပိတ်ထားသော စိတ်နှလုံး (မြေမာ)၊ မနက်နဲသော စိတ်နှလုံး (မြေဆီလွှာနည်းသောမြေ) နှင့် ရှုပ်ထွေးသော စိတ်နှလုံး (ပေါင်းပင်

များနှင့် တောထနေသောမြေ) တို့ဖြစ်တယ်။ ပြီးတော့ သခင်ယေရှုက "ထို့ကြောင့် သင်တို့သည် အဘယ်သို့ ကြားနာရသည်ကို သတိပြုကြလော့"လို့ ပြောခဲ့တယ်။

တရားဒေသနာ (သို့မဟုတ်) ဒေသနာပို့ချသူ ဆရာထံမှ ခွန်အားဘာမှ ထပ်မရတော့ဘူးလို့ သင်ခံစားရတဲ့အချိန်တိုင်းမှာ သင့်ရဲ့စိတ်သဘောကို ပြန်လည်ဆန်းစစ်ပါ။ အထူးသဖြင့် သင့်ရဲ့မာန်မာနကို ပြန်လည်သုံးသပ်ပါ။ ဘာကြောင့်လဲဆိုရင် သင့်မှာ နှိမ့်ချစွာနဲ့ ခံယူလိုစိတ်ရှိတဲ့အခါမှာ ဘုရားသခင်က ပျင်းစရာကောင်းလောက်အောင် ဒေသနာကို ပို့ချတဲ့ဆရာတွေကတဆင့် သင့်ကို စကားပြောတော်မူတဲ့အတွက် ဖြစ်တယ်။ ရှင်ယာကုပ်က ဒီလိုအကြံပေးထားတယ်။ "သင်တို့ စိတ်ဝိညာဉ်ကို ကယ်တင်နိုင်သောအထဲ၌ စိုက်ပျိုးသောနှုတ်ကပတ်တရားကို နူးညံ့သိမ်မွေ့သော စိတ်နှင့် ခံယူကြလော့။ (ယာ၊ ၁း၂၁)

ဒုတိယအနေနဲ့ အသင်းတော်ရဲ့နှစ်ပေါင်း ၂၀၀၀ သမိုင်းတလျှောက်လုံးမှာ တရားဒေသနာဟောပြောသွန်သင်သော ဘုန်းကြီးများသာ သမ္မာကျမ်းစာကို ကိုယ်တိုင်ကိုယ်ကျ ဖတ်ရှုနိုင်ကြတယ်။ ဒါပေမယ့် အခုအချိန်မှာတော့ သန်းထောင်ပေါင်းများစွာသော ကျွန်ုပ်တို့ ယုံကြည်သူတွေအတွက် သမ္မာကျမ်းစာကို ဖတ်ရှုဖို့အခွင့်အရေးရကြပြီဖြစ်တယ်။ ဒါတောင်မှ များစွာသော ယုံကြည်သူတို့ဟာ သူတို့တွေရဲ့ နေ့စဉ်သတင်းစာကို သူတို့ရဲ့ သမ္မာကျမ်းစာထက် သစ္စာရှိစွာ ဖတ်နေကြတယ်။ ဒါကြောင့်လည်း ကျွန်ုပ်တို့ကြီးထွားမှုမရှိတာဟာ အံ့သြစရာမဟုတ်ပါဘူး။ ကျွန်ုပ်တို့က ရုပ်သံအစီအစဉ်တွေကို သုံးနာရီလောက်ကြည့်တာတောင် မတင်းတိမ်နိုင်ကြဘူး။ သမ္မာကျမ်းစာကိုတော့ သုံးမိနစ်လောက်ပဲဖတ်ပြီး၊ ကြီးထွားဖို့မျှော်လင့်နေကြတယ်။

လူအတော်များများဟာ သမ္မာကျမ်းစာကို "ဟိုးရှေ့ဖုံးကနေ၊ နောက်ဖုံးထိ"၊ လယ်၊ ဆုံး ယုံကြည်ကြဖို့ အခိုင်အမာ အာဘောင်အာရင်းသန်သန် ပြောနေကြပေမယ့်လည်း တကယ်တော့ သူတို့ဟာ သမ္မာကျမ်းစာကို ဟိုး ရှေ့ဖုံးကနေ နောက်ဖုံးထိပြီးအောင် တစ်ခါမှ ဖတ်ဖူးကြသူတွေမဟုတ်ဘူး။ ဒါပေမယ့် သင်ဟာ သမ္မာကျမ်းစာကို နေ့စဉ်(၁၅)မိနစ်ပဲ ဖတ်မယ်ဆိုရင်တောင် တစ်နှစ်ကြာတဲ့အခါ သမ္မာကျမ်းစာကို စ၊ လယ်၊ ဆုံး မကြွင်းမကျန် တစ်ခေါက်တိတိ ဖတ်ပြီးဖြစ်လိမ့်မယ်။ တကယ်လို့ သင်ဟာ တီဗီရုပ်သံအစီအစဉ်ကို ကြည့်တဲ့အချိန်ထဲကနေ မိနစ်သုံးဆယ် ဖြတ်တောက်ပြီး အဲဒီအချိန်မှာ သမ္မာကျမ်းစာကို ဖတ်ရှုမယ်ဆိုရင် သမ္မာကျမ်းစာတစ်အုပ်လုံးကို တစ်နှစ်မှာ နှစ်ခေါက်ဖတ်ပြီးသားဖြစ်လိမ့်မယ်။

နေ့စဉ် သမ္မာကျမ်းစာ ဖတ်ရှုခြင်းက သင့်ကို ဘုရားသခင်၏အသံတော်ကြားခြင်းနေရာ၌ တည်မြဲစေလိမ့်မည်။ ဒါကြောင့် ဣသရေလဘုရင်များကို ဘုရားသခင်က သူ့နှုတ်ကပတ်တော်၌ အမြဲတမ်းစီးမျောနစ်ဝင်နေစေဖို့ ညွှန်ကြားခဲ့တာဖြစ်တယ်။ "တရားလမ်းမှ လက်ျာဘက်၊ လက်ဝဲဘက်သို့မလွှဲမည် အကြောင်း နန်းတော်ပေါ်မှာ ထိုင်သောအခါ လေဝိသား ယဇ်ပရောဟိတ်၌ရှိသော ဤဓမ္မပညတ်တရားစာကို ရေးကူး၍ လက်ခံစာကို တစ်သက်လုံးစောင့်ရှောက်ကြည့်ရှုဖတ်ရှုရမည်"(တရား၊ ၁၇း၁၉)။ ဒါပေမယ့် သမ္မာကျမ်းစာ ကို အနီးအပါးမှာ ထားရှိရုံမျှမက၊ မှန်မှန်ဖတ်ရှုရမယ်။ ဒါနဲ့ပတ်သက်ပြီး၊ အကူအညီပေးနိုင်မယ့် ရိုးရင်းသောနည်းကတော့ နေ့စဉ်သမ္မာကျမ်းစာဖတ်ရှုခြင်း အစီအစဉ်လေးတစ်ခု ရေးဆွဲခြင်းပဲ။ ဒီအစီအစဉ်က သင့်အားသမ္မာကျမ်းစာကို စိတ်ထင်သလို ကွက်ကျော်ဖတ်ရှုခြင်းနဲ့ ကျမ်းပိုဒ်တွေကို မျက်စိလျှမ်းပြီး မကျော်သွားခြင်းကနေ ကာကွယ်ပေးလိမ့်မယ်။

တတိယအနေနဲ့ကတော့ ရှာဖွေသုတေသနပြုခြင်း(သို့မဟုတ်) လေ့လာသင်ယူခြင်းပဲ ဖြစ်တယ်။ စကားတော်မှာ တည်နေဖို့အတွက် သမ္မာကျမ်းစာဟာ နောက်ထပ်လက်တွေ့ကျသော နည်းလမ်းတစ်ခုပင်ဖြစ်သည်။ သမ္မာကျမ်းစာကို ဖတ်ရှုခြင်းနဲ့လေ့လာသင်ယူခြင်းနှစ်ခုကြားက ခြားနားမှုမှာ အစီအစဉ်လေးနှစ်ခုထပ်ပေါင်းပါဝင်တယ်။ ဖတ်ရှုနေတဲ့ကျမ်းပိုဒ်အပေါ်မှာ မေးခွန်းထုတ်ပြီး သင်ထိုးထွင်းသိမြင်တာကို ချရေးပါ။ စာရွက်(သို့မဟုတ်) ကွန်ပျူတာပေါ်မှာ သင့်ရဲ့အတွေးအမြင်တွေကို ချမရေးဘူးဆိုရင် သင်ဟာ သမ္မာကျမ်းစာကို တကယ်လေ့လာသင်ယူခြင်း မမည်ဘူး။ (ဆက်လက်ဖော်ပြပါမည်။ )

# သတင်းတိုထွာ

၁။ ဂျပန်နိုင်ငံသို့ ရောက်ရှိလာသော မယုံကြည်သူ ကိုချစ်ပြုံးသည်၊ ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Myanmar Christian Mission Center အသင်းတော်၏ သင်းအုပ်ဆရာမှ ဓမ္မဝေလီဝေငှချက် များနှင့် Golden Week Bible Seminar အတွင်း ဆရာတော် Dr. San Kyi Lwin ၏ သင်တန်းပို့ချမှုများမှ တဆင့် ယုံကြည်သူဖြစ်လာပြီး၊ ပြောင်းလဲဆက်ကပ်လာကာ၊ ၂၀၀၈ ခုနှစ် ဇွန်လ(၇)ရက်၊ စနေနေ့က Shin Koiwa အသင်းတော်၌ MCMC အသင်းတော်၏ သင်းအုပ်ဆရာတော် Rev. Joseph Raltong မှ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံပေးကာ ဘုရားရှင်၏အိမ်တော်သားဖြစ်ကြောင်း၊ ဆက်ကပ်သက်သေခံသွားခဲ့ပါသည်။ ဘုရားရှင်သည် ကိုချစ်ပြုံးနှင့် သူ၏မိသားစုများအပေါ် ဘဝအသက်တာတလျှောက်လုံး၌ ကောင်းချီး မင်္ဂလာများကို ကြွယ်ဝစွာချပေးလျက်၊ ဘုရားရှင်၏ သစ္စာရှိသော ယေသားကောင်းဖြစ်ပါမည့်အကြောင်း၊ MC မှ ထပ်လောင်း၍ ဆုမွန်ကောင်းတောင်း ပေးအပ်ပါသည်။

၂။ ဂျပန်နိုင်ငံရှိ MCMF (Myanmar Christian Ministers' Fellowship) ၏ ပဉ္စမအကြိမ်မြောက်အစည်းအဝေး ကို ဇွန်လ(၆)ရက်နေ့တွင် MCMC အသင်းတော်၌ပြုလုပ်ကျင်းပကြောင်း သိရပါသည်။ MCMF မှ ဦးဆောင်လျက် လာမည့် ၂၀၀၈ ခုနှစ် ဩဂုတ်လ(၁၇)ရက်၊ တနင်္ဂနွေနေ့တွင်၊ ဂျပန်နိုင်ငံရှိ ယုံကြည်သူမြန်မာခရစ်ယာန် အသင်းတော်အသီးသီးစုပေါင်းဝတ်ပြုချီးမွမ်းကိုးကွယ်ခြင်းကို ပြုလုပ်မည်ဖြစ်ကြောင်း၊ သတင်းကောင်းသိရပါ သည်။ အချိန်၊ နေရာ အတိအကျကို ထပ်မံ၍ဖော်ပြပေးပါမည်။

၃။ ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ MCMC အသင်းတော်၏ သင်းအုပ်ဆရာကြီး Rev. Joseph Raltong သည် ၂၀၀၈ ခုနှစ် ဇွန်လ(၁၈)ရက်နေ့က၊ ကနေဒါနိုင်ငံသို့ သာသနာခရီးထွက်ခွါသွားရာ၊ ၂၀၀၈ ခုနှစ် ဇူလိုင်လ(၉)ရက်နေ့တွင်၊ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်းသိရပါသည်။ ဆရာ၏ သာသနာခရီးအောင်မြင်နိုင်ရန်နှင့် ဘုရားရှင်၏ဘုန်းတော်ထင်ရှားရန်အတွက်၊ သတိရဆုတောင်းပေးကြပါမည့်အကြောင်း၊ ခရစ်တော်၏နာမတော်မြတ်၌ မေတ္တာရပ်ခံအပ်ပါသည်။

၄။ ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ MRCF (Myanmar Revival Christian Fellowship) အသင်းတော်၏ ၁၄နှစ်မြောက်၊ နှစ်ပတ်လည်ကျေးဇူးတော်ချီးမွမ်းခြင်းကို၊ ၂၀၀၈ခုနှစ် ဇူလိုင်လ(၆)ရက်နေ့တွင်၊ MRCF အသင်းတော်တည်ရှိရာ Siginami-ku ၌ ပြုလုပ်ကျင်းပမည်ဖြစ်ကြောင်း၊ သိရပါသည်။

၅။ ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ZCF (Zomi Christian Fellowship) အသင်းတော်၏ သင်းအုပ်ဆရာ Rev. Nang Lam Kim သည် ၂၀၀၈ခုနှစ် ဇူလိုင်လအတွင်းတွင် မြန်မာနိုင်ငံ၊ နာဂစ်မုန်တိုင်းဒုက္ခသည်များထံသို့ ဆုတောင်းပေးရင်း ဓမ္မဝေလီဝေငှရန်အတွက် သာသနာခရီးထွက်ခွာသွားမည်ဖြစ်ကြောင်း၊ သိရပါသည်။ ဆရာ၏သာသနာခရီးအောင်မြင်နိုင်ရန် နှင့် ဘုရားရှင်၏ဘုန်းတော်ထင်ရှားရန်အတွက်၊ သတိရဆုတောင်းပေးကြပါမည့်အကြောင်း၊ ခရစ်တော်၏ နာမတော်မြတ်၌ မေတ္တာရပ်ခံအပ်ပါသည်။

၆။ မြန်မာနိုင်ငံရှိ နာဂစ်မုန်တိုင်းဒုက္ခသည်များအတွက် လိုအပ်နေသေးသော ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်နိုင်ရေးအတွက် ဆုတောင်းခြင်းအားဖြင့်သော်လည်းကောင်း၊ ပံ့ပိုးကူညီခြင်းအားဖြင့်သော်လည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြပါမည့်အကြောင်း၊ ခရစ်တော်၏နာမတော်မြတ်၌ မေတ္တာရပ်ခံအပ်ပါသည်။

# သင်၏ ဖခင်မည်သူနည်း

Rev. Khoi Lam Thang

၂၀၀၈ ခုနှစ်အတွက် 'ဖခင်များနေ့' ဖခင်များကို ဂုဏ်ပြုရင်း 'သင်၏ဖခင်မည်သူနည်း' ဟူသော ခေါင်းစဉ်ဖြင့် အနည်းငယ်ဝေငှလိုပါသည်။

ဖခင်များကိုဂုဏ်ပြုခြင်းထက် စိတ်စေတနာ ရှေ့တန်းတင်၍ ဖခင်များကိုတိုက်တွန်းအားပေးလိုခြင်း ဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း ခွန်အား ယူခြင်းဖြစ်ပါသည်။

**ဖခင်ဟူသည်မှာ –**

ဖခင်ဆိုသည်မှာ အိမ်ထောင်ရှိပြီးသူ၊ သား သမီးရှိသောသူကိုခေါ်သည်။ ထိုသို့သောဖခင်များကို ဂုဏ်ပြုကြခြင်းဖြစ်သည်။ သားမယားရှိပြီးသော်လည်း ဖခင်မပီသသော ဖခင်များမြောက်မြားစွာရှိသကဲ့သို့၊ ဇနီးသားသမီးမရှိသေးသော်လည်း၊ ဖခင်စိတ်ရှိသော အားကိုးထိုက်သူယောက်ျားသားများစွာရှိပါသည်။ အိမ်ထောင်မရှိသေးသော်လည် 'ဖခင်' စိတ်၊ ဖခင် ကောင်းပီသသောစိတ်ထားပါ။ ထိုသို့ထားသောသူ သည် အားကိုးထိုက်သောဖခင်ဖြစ်လာပါလိမ့်မည်။

**အိမ်ထောင်မိသားစုကိုအရေးထားပါ –**

အိမ်ထောင်မိသားစုကိုအရေးထားရန် အချိန် ကျရောက်ပြီဖြစ်သည်။ အိမ်ထောင်မိသားစုအရေးကို ဂရုမစိုက်ပါက၊ အိမ်ထောင်ရေး၌ ဖရိုဖရဲဖြစ်ပြီး၊ ပြင်၍ မရနိုင်လောက်အောင်၊ ပြိုကျပျက်စီးသွားပါလိမ့်မည်။ အိမ်ထောင်ပြိုပျက်ပါက၊ အသင်းတော်ပြိုပျက်ပါမည်။ နိုင်ငံပြိုပျက်ကာ၊ လူမျိုးပြိုပျက်သွားနိုင်သည်။ မီဇို စာရေးဆရာတစ်ဦးဖြစ်သော 'Vanlalzualtata' ရေး သော 'I inah hang rawh' ဆိုသော စာအုပ်ကို ချင်းဘာသာဖြင့်၊ 'Rev. Job. Thawngno' ဘာသာ ပြန်ဆိုထားသော စာအုပ်တစ်အုပ်ရှိပါသည်။ စာအုပ် အမည်မှာ 'သင်၏အိမ်သို့ပြန်ပါ၊' ဟူ၍ဖြစ်သည်။ အိမ် သို့မြန်မြန်ပြန်ရန် အရေးကြီးပါသည်။ မြန်မြန်မပြန်ပါက နောက်ကျလျှင် ပြန်၍မရနိုင်တော့ပါ။ ဤသို့ဆိုလျှင် မည်ကဲ့သို့ ပြန်မည်နည်း။

ကမ္ဘာ့အခြေအနေအရပ်ရပ်က အတင်းအဓမ္မ ဆွဲခေါ်လာပြီဖြစ်၍၊ လူများစွာနိုင်ငံရပ်ခြားသို့ ထွက်ခွာ လာကြသည်။ ဆယ်စုနှစ်မျှ ဇနီးသားသမီးများနှင့် ခွဲခွာ လျက်ရှိကြသည်။ ထိုသို့ အိမ်နှင့်ခွဲခွာသောသူရှိကြ သကဲ့သို့ အိမ်နှင့်မခွဲမခွာဘဲ၊ ဇနီးသားသမီးများနှင့် ဝေးကွာသော 'ဖခင်' မြောက်မြားစွာရှိကြပါသည်။

တစ်ခါက လူတစ်ဦး ခြေထောက်ခေါက်လဲ သွားသဖြင့်၊ တညနေလုံး သူ၏ဇနီးသည်က ဆေးလိမ်း ၍ နှိပ်နယ်ပေးနေသည်။ နောက်နေ့တွင် ဇနီးသည်က ခင်ပွန်းသည်အား၊ 'အဖေကြီး၊ မနေ့က နှိပ်နယ်ပေး တဲ့ ခြေထောက်၊ ဘယ်လိုနေလဲ၊ သက်သာရဲ့လား' ဟု မေးသောအခါ၊ ခင်ပွန်းသည်က 'နာတဲ့ဘက်ကိုမှ မနှိပ်ပေးဘဲ၊ သက်သာပါ့မလား' ဟူ၍ ပြန်ပြောလိုက် သည်။ အတူတူရှိနေကြပါလျက်နှင့် စိတ်ချင်းဝေးကွာ နေရသောဘဝသည်လည်း အလွန်ခက်ခဲလှပေသည်။ အသက်တာ၌ ဇနီးခင်ပွန်း နှစ်ယောက်ကြား စိတ်နှလုံး ချင်းနီးစပ်လျက် ရှိကြပါရဲ့လား။ ပျော်စရာကောင်း သော၊ အသက်ရှင်သော အသင်းတော်၊ နိုင်ငံတော်၊ လူမျိုးကြီးပီသနိုင်ဖို့ရန်အတွက် အိမ်ထောင်မိသားစု မှ အစပြုရန်ဖြစ်ပါသည်။

ကျွန်တော် အသင်းတော်၌ သင်းအုပ်ဆရာ အဖြစ် အမှုတော်ထမ်းဆောင်လျက်၊ အလွန်အလုပ် များသောအချိန်၊ သာသနာခရီးများစွာ၊ အသင်းတော် ကိစ္စများစွာဖြင့် လုပ်ငန်းဝန်တာဆောင်ရွက်လျက်ရှိခဲ့ သောလွန်ခဲ့သော (၁၀)နှစ်ကျော်ကာလက၊ ကျွန်တော်

၏ သမီးကြီးသည် အသက်(၃)နှစ်အရွယ်သာရှိပါသေးသည်၊ တစ်နေ့ ဂျီကျ၍ငိုနေသောညီမငယ်ကို ခလေးချော့သီချင်းလေးတစ်ပုဒ်ကို ကိုယ်တိုင်စပ်ဆို၍သိပ်နေသည်။ သူ၏ခလေးချော့တေးမှာ "ညီမလေးရယ် မငိုပါနဲ့ကွယ်၊ အဖေအလည်သွားတယ်၊ အမေရှိတယ်"ဟု ဆိုနေသည်။ ကျွန်တော်၏စိတ်သည်အလည်မသွားသောကြောင့်၊ သမီးကြီး၏ခလေးချော့သီချင်းလေးသည် ကျွန်တော်၏စိတ်ကို မကြာခဏသတိပေးလျက်ရှိသည်။ အိမ်ထောင်မိသားစု မပြေလည်လျှင်၊ ပတ်ဝန်းကျင် အမြင်၌ မိသားစုပင်ဖြစ်သော်ငြားလည်း၊ အတွင်း၌ အကွဲ၊ အပြဲ၊ အကျိုး၊ အပဲ့၊ အလွဲလွဲ၊ အချော်ချော်များစွာရှိကာ၊ ကောင်းကင်နိုင်ငံတော်ကို ကြိုတင်မြည်းစမ်းခြင်းမဟုတ်ဘဲ၊ ငရဲနိုင်ငံကိုကြိုတင်မြည်းစမ်းခြင်းဖြစ်ပေလိမ့်မည်။ ဤအရာများကို အဓိကထား၍ 'သင်၏ဖခင်မည်သူနည်း'ဆိုသည်ကို အတူတကွ စဉ်းစားကြည့်ကြပါစို့။

၁။ သင်၏ဖခင်မည်သူနည်း?

ဖခင်မရှိသောလူသားဟူ၍မရှိပါ။ သို့ပါသော်လည်း ဖခင်ရှိပုံ၊ ရှိနည်းကမတူကြပါ။ ထို့ကြောင့် 'ဖခင်များနေ့'ရောက်လာသောအခါ...

- အချို့သောသူအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း၊
- အချို့သောသူအတွက် ရှက်ရွံ့ခြင်း၊
- အချို့သောသူအတွက် စိတ်ချခြင်း၊
- အချို့သောသူအတွက် လွမ်းဆွေးခြင်း၊ စသဖြင့် အမျိုးမျိုးကွဲပြားခြားနားလျက်ရှိကြပါလိမ့်မည်။

လောကဖခင်များသည်သာ မြော်လင့်ချက်၏ နောက်ဆုံးဖြစ်ခဲ့ပါလျှင်၊ အလွန်ပင်ဝမ်းနည်းဘွယ်ရာဖြစ်ပါလိမ့်မည်။ လောကဖခင်များသည် လူသားများပင်ဖြစ်ကြပေရာ ဖျားတတ်နာတတ်၊ စိတ်ဆိုးတတ်၊ ပင်ပန်းတတ်၊ စိတ်တိုတတ်ကြသည်။ တနေ့နေ့တွင် သေဆုံးသွားမည်သာဖြစ်ပေသည်။ (ဆာလံ ၁၁၈း၈) တွင် "ထာဝရဘုရား၌ ခိုလှုံခြင်းသည် လူကို ကိုးစားခြင်းထက် သာ၍ကောင်း၏။"ဟုဆိုထားသည်။ လူသားပင်ဖြစ်သော ဖခင်ကို ကိုးစားခြင်းထက်၊ ကောင်းကင်ဘုံရှင်အဖကို သာ၍ကိုးစားကြပါစို့။ ထိုကောင်းကင်ဘုံရှင်အဖ၏ ချစ်ခြင်းမေတ္တာသည် ခေတ်အဆက်ဆက်၌ တည်မြဲပါသည်။ သင်သည် ထိုဖခင် ထာဝရဘုရားကို ကိုးစားပါပြီလား။ ဣသရေလလူမျိုးတို့သည် ဘုရားသားဖြစ်ရခြင်းကို အလွန်ပင်ဂုဏ်ယူဝါကြွားတတ်ကြသည်။ ယုံကြည်ခြင်း၏ဖခင်၊ ထာဝရဘုရား၏အဆွေဖြစ်သော အာဗြဟံကို အမှီပြု၍ဝါကြွားခြင်းဖြစ်သည်။ သို့သော် သခင်ခရစ်တော်က၊ (ယော ၈း၄၄)တွင် "သင်တို့သည် သင်တို့၏အဘတည်းဟူသော မာရ်နတ်မှ ဆင်းသက်ကြ၏။ ... မာန်နတ်သည် ရှေးဦးစွာမှစ၍ လူအသက်ကိုသတ်သောသူဖြစ်၏။ ... မုသာ၏အဘလည်းဖြစ်၏။"ဟုဆိုပါသည်။

ဘုရားသခင်ကို မသိသော၊ အပြစ်၏နွံထဲ၌ နစ်မြုပ်လျက်ရှိသောအပြစ်သား ကျွန်ုပ်တို့အတွက် သခင်ခရစ်တော်၏ကယ်တင်ခြင်းသည် ဘုရားသားဖြစ်ရသောအခွင့်ကိုရရှိစေခြင်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ထာဝရဘုရားကို "အဗ္ဗအဘ"ဟူ၍ (ရော ၈း၁၄၊ ဂလာ ၄း၅-၇) ထာဝရဘုရားသခင်၏သားဖြစ်ရခြင်းကိုအတည်ပြုပေးခြင်းကို စိတ်ချမှုရရှိပါပြီလား။ ကျွန်ုပ်တို့၏ ဖခင်အစစ်သည် ထာဝရဘုရားဖြစ်တော်မူ၏။ ဘုရားသခင်၏ ကျွန်ုပ်တို့၏အဖ ဖြစ်ခြင်းအရာ၌ လောကသားအားလုံးတို့သည် တူညီသောကောင်းကြီးမင်္ဂလာကိုခံစားကြရသည်။

သခင်ခရစ်တော်သည်လည်း ဆုတောင်းခြင်းကို သင်ပေးတော်မူခဲ့သည်။ ထာဝရဘုရားကို 'အဘ' ဟူ၍ ခေါ်စေသည်။ 'ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့၏အဘ'ဟူ၍ခေါ်ကြသည်။ ပဌနာတော်ကို ရွတ်ဆိုသောအခါ ထာဝရဘုရားသခင်ကို 'အဘ' အရာ၌အတည်ပြုကြခြင်းဖြစ်သည်။ သင်၏ဖခင် မည်သူနည်း။ ကျွန်ုပ်၏ဖခင်သည် ထာဝရဘုရားသခင် ဖြစ်သည်ဟုဆိုနိုင်ဖို့ရန်၊ ဘုရားရှင်ကောင်းကြီးပေးပါစေ။

၂။ သင်၏ဖခင်မည်သူနည်း?

ဖခင်များ၏ရုပ်တည်ချက်ကို ဆွေးနွေးကြပါစို့။ သင်၏သားသမီးများက သင့်ကိုမည်သူဟုခေါ်ကြပါမည်နည်း။ သင်၏ဇနီးနှင့်သားသမီးများက သင့်ကို ကြည့်လျှင်၊ မည်သို့သောရုပ်အင်္ဂါကိုမြင်ပါမည်နည်း။ သင်၏မျက်နှာပေါ်၌ သင်၏ဖြစ်တည်မှုထင်ရှားပါလိမ့်မည်။ ကြောက်နေသလား၊ ရိုသေနေသလား။ ဖခင်၏ မျက်နှာကိုထိုးဖေါက်၍ ဘုရားသခင်ကို မြင်ကြပါမည်လား။

ကျွန်တော် စင်ကာပူ(TTC)၌ ကျောင်းတက်နေစဉ်၊ ကျွန်တော်၏သူငယ်ချင်းတစ်ယောက်၏ မိခင်ခေါ်တော်မူခြင်းခံရသည်။ ကျွန်တော့်သူငယ်ချင်းသည် သူ၏မိခင်ဓါတ်ပုံကိုကြည့်ပြီး၊ မျက်ရည်မထိန်းနိုင်ပါ။ ယောကျ်ားရင့်မကြီးဖြစ်နေပေမယ့် တအင်းအင်းနှင့်ငိုချသည်။ ကျွန်တော်က အဲဒီဓါတ်ပုံကိုကြည့်သော်လည်း ငိုချင်စိတ်မရှိပါ။ အဒေါ်ကြီးတစ်ယောက်ဓါတ်ပုံအဖြစ်သာ၊ မြင်ပါသည်။ ကျွန်တော်ကမြင်ရသောရုပ်ကိုသာ ကြည့်၍ ကျွန်တော့်သူငယ်ချင်းက မမြင်ရသော အဖြစ်ကိုမြင်သည်။ သင်၏သားသမီးများက သင့်ကိုကြည့်လျှင် မည်သည့်အရာကို မြင်မည်နည်း။

တစ်ခါက လူငယ်စခန်းတစ်ခုတွင် အရက်သေစာသောက်စားပြီး၊ အလွန်ဆိုးသောလူငယ်တစ်ယောက် ပါဝင်လာပါသည်။ သင်တန်းဆရာနှင့် ဆွေးနွေးပြီး၊ စိတ်ချမှု၊ ငြိမ်သက်မှုကိုရရှိပြီး၊ ကောင်းကင်နိုင်ငံအကြောင်းကိုဆွေးနွေးကြသည်။ ဆွေးနွေးပြီးချိန်တွင် လူငယ်က'ဆရာ ဒါဆိုရင် ကောင်းကင်ဘုံမှာ ကျွန်တော့်အဖေရှိမှာပေါ့နော်'ဟု မေးလိုက်ပါသည်။ ဆရာက 'ဒါပေါ့၊ ကောင်းကင်ဘုံမှာ ချစ်သောသူများစွာနှင့်တွေ့ရပြီး၊ အလွန်ပျော်စရာကောင်းမယ်'ဟု ပြန်ပြောလိုက်ပါသည်။ ထိုအခါလူငယ်က'ကောင်းကင်ဘုံမှာ ကျွန်တော့်အဖေရှိမယ်ဆိုရင်၊ ကျွန်တော် ကောင်းကင်ဘုံမရောက်ချင်ဘူး'ဟုပြော၍၊ ဘာမျှဆွေးနွေး၍မရတော့ပါ။ ဖခင်ဖြစ်သော်လည်း သားသမီးများ၏ကြောက်ရွံ့ခြင်းကိုခံရသောဖခင်အချို့ရှိသည်။ သင်ကော မည်သို့သောဖခင်ဖြစ်ပါသလဲ။

နောသည် စပျစ်ရည်သောက် ကျူး၍ သူ၏သားသမီးအချို့ကောင်းကြီးမင်္ဂလာခံရသကဲ့သို့၊ အချို့တို့သည် ကျိန်ခြင်းအမင်္ဂလာကိုခံရသည်။ မိမိကိုယ်ကို မိမိထိန်းသိမ်းခြင်းငှါမစွမ်းဆောင်နိုင်လောက်အောင် မရှိခဲ့ပါလျှင်၊ လောကသားအားလုံးသည် ကောင်းကြီးမင်္ဂလာခံစားရမည်ဖြစ်သည်။ ဖခင်အသုံးမကျသောကြောင့်၊ သားသမီးများဒုက္ခခံရမည်ကို ဘုရားသခင်အလိုတော်မရှိပါ။

အခုခေတ်၌ အချို့သောဖခင်များသည် 'နင့်ကိုဆုံးမတာထက်၊ တိရိစ္ဆာန်တစ်ကောင်ကို ဆုံးမရင် ပိုလိမ္မာလိမ့်မယ်၊ ဆုံးမလို့ကိုမရဘူး၊ ဘယ်ဘက် နားကဝင်ပြီး၊ ညာဘက်နားက ပြန်ထွက်တယ်။ စကားကို နားမထောင်ဘူး။'ဟုပြောတတ်ကြသည်။ သားသမီးကို မဆုံးမသောဖခင်ရှိကြပါသလား။ ဖခင်ဆုံးမခြင်းကို မခံရသောသားသမီးရှိကြပါသလား။

တစ်ခါက ဖခင်တစ်ဦးသည် ဇနီးနှင့်သားသမီးများမသိရန်၊ အရက်ခိုးသောက်တတ်လေ့ရှိသည်။ တစ်မနက် အိပ်ယာမှထလျက် အရက်ဆိုင်သို့သွား၍ အရက်ခိုးသောက်နေစဉ်၊ သူ၏(၇)နှစ်အရွယ် သားငယ်လေးသည် အရက်ဆိုင်သို့ပေါက်ချလာသည်။ ထိုအခါ ဖခင်ကသားငယ်ကို 'ဘယ်သူက ဒီကိုလိုက်ပို့လဲ'ဟု မေးသောအခါ သားငယ်က'ဘယ်သူမှလိုက်မပို့ပါဘူး၊ ဖေဖေ့ကိုခြေရာခံပြီး လိုက်လာတာပါ'လို့ပြန်ပြောတယ်။ ဆုံးမသမျှ မဆုံးမသကဲ့သို့ဖြစ်တတ်ပြီး၊ မဆုံးမသမျှ ဆုံးမသကဲ့သို့ဖြစ်တတ်ပါသည်။ သားသမီးများသည် မိဖကိုအတုခိုးတတ်ပါသည်။ သားသမီးများသည် ဖခင်၏မျက်နှာကိုကြည့်သောအခါ ဘုရားကိုအလွန်ချစ်သောဖခင်ကို မြင်စေပါ။ ကောင်းကြီးပေးသော ဖခင်ကို မြင်စေပါ။ သားသမီးများကို စိတ်ချမှုပေးသော ဖခင်ကို မြင်စေပါ။ စိတ်ရှည်သောဖခင်ကို မြင်စေပါ။ မုသာမပြောသောဖခင်ကို မြင်စေပါ။ သားသမီးများကို အလွန်ချစ်သောဖခင်ကို မြင်စေပါ။

သင်၏သားငယ်က သင် မဝယ်ပေးနိုင်သော မော်တော်ဆိုင်ကယ်တစ်စီးကို ခဏခဏပူဆာနေမည်ဆိုပါလျှင်၊ သင်မည်ကဲ့သို့ ပြန်ပြောမည်နည်း။ ဖခင်တစ်ဦးက 'ဒီလို စကားမျိုး နောက်ဘယ်တော့မှ လာမပြောနဲ့၊ မဝယ်ပေးနိုင်ဘူး။ ပိုက်ဆံမရှိဘူး။ ခဏခဏလာတောင်းရင် အရိုက်ခံရမယ်။'ဟု ပြောပါသည်။ သားငယ်သည်ဖခင်ကိုအလွန်ပင်ကြောက်သွားပါသည်။ မပူဆာရဲတော့ပါ။ တစ်ဦးကတော့ 'အဲလောက်ကြီး၊ အဖေတို့ဝယ်နိုင်မှာမဟုတ်ဘူးလေ၊ တကယ်လိုချင်တယ်ဆိုရင်၊ ဘုရားဆီမှာတောင်းရအောင်နော်၊ ဒို့ဘုရားက သိပ်ချမ်းသာတာ၊ လိုအပ်တယ်ဆိုရင် ဘုရားကပေးမှာပေါ့။ သားလေး ဖိနပ်လိုချင်တာလည်း ဘုရားဆီမှာတောင်းတာ၊ ရတယ်မဟုတ်လား၊'ဟူ၍ မဝယ်ပေးနိုင်သော်လည်း၊ သားငယ်စိတ်ကျေနပ်သွားသည်။ ဖခင်မှတဆင့် ဘုရားကို အားကိုးယုံကြည်စိတ်ဖြစ်လာသည်။ သင်သည် မည်သို့သော ဖခင်မျိုးဖြစ်

ပါသနည်း။ စကားပုံ၌ 'မိခင်ကောင်းသည် မိသားစုအတွက်၊ ဖခင်ကောင်းသည် တိုင်းပြည်အတွက်'ဟု ဆိုထားသည်။ 'အဖေ'ဟု အခေါ်ခံရသော သင့်ကြောင့် သင်၏သားသမီးများသည် ကောင်းကင်ဘုံရှင်အဖဘုရားသခင်ကို ယုံကြည်အားကိုးလာသည်ဆိုလျှင် သင်သည် ဖခင်ကောင်းတစ်ဦးဖြစ်ပေသည်။ သင်ကောမည်သို့သောဖခင်မျိုးဖြစ်ပါသလဲ။

၃။ သင်၏ဖခင်မည်သူနည်း။

ဖခင်များ၏ရပ်တည်ချက်ကို သားသမီးများဘက်မှ အနည်းငယ်ဆွေးနွေးကြပါစို့။ ဖခင်များသည် ပညာတတ်မဟုတ်၍ အားမရစရာများစွာရှိနေပေမယ့် ရိုသေရပါမည်။ ဖခင်သည် သားသမီးများ၏ မွေးသဖခင်ပင်ဖြစ်သည်။ ဘုရားသခင်သည် သားသမီးများအပေါ် အုပ်စိုးစေရန် ဖခင်များကို အခွင့်ပေးထားခြင်းဖြစ်သည်။

မိဘ၏ကောင်းကြီးမင်္ဂလာကိုခံစားရသော သားသမီးများသည် ကျေးဇူးတော်ခံစားရသူများဖြစ်က၊ အားကျဖွယ်ကောင်းလှပါသည်။ မိဘ၏ကောင်းကြီးမင်္ဂလာမခံစားရသောသားသမီးများ၏ အသက်တာသည် ကျေးဇူးတော်မခံစားရပါ။ ထို့ကြောင့် ဖခင်ကို အထူးအလေးထားပါက၊ ကောင်းကြီးမင်္ဂလာကလိုက်လာမည်ဖြစ်ပြီး၊ ဖခင်ကို အလေးမထား၊ မရိုသေသောသားသမီးများကို ဒုက္ခဆင်းရဲခြင်းက လိုက်ကထပ်ချပ်မကွာလိုက်လာမည်ဖြစ်သည်။ ကောင်းကြီးမင်္ဂလာနှင့် ဒုက္ခဆင်းရဲခြင်း၊ မည်သည့်အရာကို သင်ရွေးချယ်မည်နည်း။

ရှေးအခါက နတ်ကိုးကွယ်ကြသော အဖိုးအဖွားများသည် ကွယ်လွန်ပြီးသောအဖိုး၊ အဖွားများ၏ဝိညာဉ်များကျေနပ်စေရန် ရိုးရာနတ်ကိုပူဇော်ပသလေ့ရှိကြပါသည်။ နတ်ကိုးကွယ်သူများကိုပင် မမီနိုင်သော ယုံကြည်သူခရစ်ယာန်များဖြစ်မကြဖို့ရန် အလွန်စိုးရိမ်စရာကောင်းလှပါသည်။ စကားပုံ၌ 'မိဘစကားနားထောင်ငြားက၊ သံပြားကျောက်ဆောင်းကျိုးသော်ပြောင်း၏။'ဟူ၍ ဆိုထားပါသည်။ သံပြား၊ ကျောက်ဆောင်များပင်၊ ကျိုးလျှင် ပျော့ပြောင်းနိုင်ရလောက် အောင် ကောင်းကြီးမင်္ဂလာခံစားရသော သားသမီးဖြစ်ဖို့ လိုအပ်ပါသည်။ ထိုသို့မဟုတ်လျှင် အသက်တာ၌ စောက်ထိုးမိုးမျှော်ဖြစ်ကုန်ကြပေမည်။ အခြားသောဘာသာဝင်များသည် မိဘများကို ဘုရားတဆူကဲ့သို့ပင်၊ သဘောထား၍ကိုးကွယ်ကြသည်။ အသက်ရှင်သော ဘုရားကိုကိုးကွယ်ကြသော ယုံကြည်သူများသည်၊ ရုပ်တုဆင်းတုကိုးကွယ်ကြသောသူများထက်၊ စိတ်ဓါတ်နိမ့်ကျနေပါလျှင်၊ အလွန်ပင်ရှက်ဖွယ်ကောင်းလှပါသည်။ မိဘကိုရိုသေခြင်းသည် လူမျိုးကြီးပီသခြင်းဖြစ်ပြီး၊ လူမျိုးကြီးများသည် အသက်တာတလျှောက်လုံးစောင့်ထိန်းကြပေသည်။ 'မိဘမျက်ရည်တစ်စက်၊ သားသမီးဆင်းရဲတစ်သက်၊'ဟူ၍ပင်စကားပုံရှိထားပေသည်။ မိဘကိုမျက်ရည်မကျစေသော၊ မိဘကိုဝမ်းမနည်းစေသော၊ မိဘကို ဝမ်းသာစေသော၊ စိတ်ကျေနပ်စေသော၊ မိဘကိုဂုဏ်ယူတတ်စေသော သားသမီးများဖြစ်ကြဖို့ရန်၊ လိုအပ်လှပါသည်။

အသက်ရှင်တော်မူသော ထာဝရဘုရားရှင်၏ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အတွက် အလွန်ပင်လုံလောက်လှပါသည်။ ဘိုးဘွားများ၏ စကားပုံ၊ ရုပ်တုဆင်းတု ကိုးကွယ်သူများ၏စကားပုံများထက်ပင် ပြည့်စုံလုံလောက်လှပါသည်။ စိတ်ချရသည်။ သစ္စာရှိသည်။ ထွက်မြောက်ရာကျမ်း၊ ၂၀ ရှိ ပညတ်တော်ဆယ်ပါးကို၊ ဧဖက်သြဝါစာစောင်၊ ၆ တွင် ပြန်လည်ဖတ်ရှုရသည်။ မိဘကိုရိုသေခြင်းသည် ဘုရားသခင် ၏ကြီးမားသောပညတ်တော်တစ်ပါးဖြစ်က၊ ခရစ်ယာန်များအတွက် ကောင်းသောအစဉ်အလာတစ်ခုဖြစ်ပေသည်။ ဂတိတော်နှင့်ယှဉ်ကာ ကောင်းသောအရာများနှင့်ပြည့်စုံ၍ အသက်ရှည်မည်ဟု ဆိုထားသည်။ လုပ်လေရာ၌ အောင်မြင်လိမ့်မည်ဟုဆက်၍ဆိုထားသည်။ မိဘများကိုစော်ကားသောသူတွင် ရက်စက်စွာသော ကျိန်ခြင်းအမင်္ဂလာသက်ရောက်လိမ့်မည်။ မိအို၊ ဖအိုကို ဆဲရေးစော်ကားသောသူသည် အမိုက်မှောင်တွင် ငြိမ်းထားလျက်ရှိသောမီးခွက်နှင့်တူ၏ ဟု ဆိုပါသည်။ မှောင်မိုက်ထဲတွင် မီးခွက်ကို ထပ်ပြီးငြိမ်းပါက၊ အသက်တာသည် အလွန်မှောင်မိုက်လျက် ဒုက္ခတိမ်တိုက်ဖုံးလွှမ်းသွားပါလိမ့်မည်။

"အဘကိုကျီစားသောသူ၊ အမိစကားကို နားမထောင်၊ မထီမဲ့မြင်ပြုသောသူ၏မျက်စိကို ချိုင့်၌

ကျင်လည်သော ကျီးအတို့သည်နှိုက်ကြလိမ့်မည်။ ရွှေလင်းတသူငယ်တို့သည်လည်း စားကြလိမ့်မည်။"ဟု (သုတ္တံကျမ်း၊ ၃၀း၁၇)၌ အမြင့်ဆုံးသောကျိန်ခြင်း အမင်္ဂလာကိုဖော်ပြထားပါသည်။

ထို့ကြောင့် တစ်နှစ်တစ်ခါ 'ဖခင်များနေ့' ရောက်မှသာ ဖခင်များကို ဂုဏ်ပြုတတ်သောသားသမီးများမဟုတ်ဘဲ၊ သားစဉ်မြေးဆက် ကောင်းကြီးမင်္ဂလာခံစားရသောလူမျိုးများဖြစ်နိုင်ဖို့ရန်၊ ဖခင်ကိုချစ်တတ်သော၊ အမြဲဂုဏ်ပြုတတ်သောသူများ ဖြစ်နိုင်ပါမည့်အကြောင်း၊ ဘုရားရှင်သည် အယောက်တိုင်းအပေါ်၌ ကောင်းကြီးမင်္ဂလာချပေးပါစေသော်။

ချစ်သော ညီအစ်ကိုမောင်နှမတို့ – "ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့၏အဘ"ဟူ၍ ခေါ်ဆိုတတ်ဖို့ရန်၊ သန့်ရှင်းသောဝိညာဉ်တော်က အသစ်တဖန် မိမိတို့ရဲ့ စိတ်နှလုံးထဲမှာ တို့ထိနှိုးဆော်နိုင်ပါစေ။ ကောင်းကင်ဘုံရှင် အဘဘုရားသခင်ကြောင့်၊ စိတ်ချရသော ယုံကြည်သူများဖြစ်ကြဖို့ရန်၊ ဖခင်များသည် သားသမီးများ၏ ပုံပမာကောင်းများဖြစ်ကြသကဲ့သို့ အဘ ဘုရားထံတော်သို့ အရောက်ပို့ဆောင်ပေးနိုင်သောဖခင်များဖြစ်နိုင်ကြဖို့ရန်၊ ဆုတောင်းကြပါစို့။ လောကကောင်းကြီး၊ ကောင်းကင်ကောင်းကြီးနှစ်ပါးစလုံးရနိုင်ပါမည့်အကြောင်း၊ ကောင်းကြီးတောင်းခံတတ်သောသူများဖြစ်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

*(zomiyahoogroups.com တွင် Rev. Khoi Lam Thang ချင်းဘာသာဖြင့် ရေးသားသော "Happy Father's Day *Na Pa Kua* ကို ဆီလျော်အောင် ဘာသာ ပြန်ဆိုထားသည်။ အယ်ဒီတာ)*

---

# ထာဝရဘုရားကို မျှော်လင့်ခြင်း


## ဂျူလီယာထန်


ထာဝရဘုရားကို မြော်လင့်သောသူမူကား အားပြည့်ကြလိမ့်မည်။ ရွှေလင်းတကဲ့သို့ မိမိတို့အတောင်ကို အသစ်ပြုပြင်ကြလိမ့်မည်။ ပြေးသော်လည်းမပင်ပန်း၊ ခရီးသွားသောအခါ မမောရကြ။ (ဟေရှာယ ၄၀း၃၁)

တချို့ အိမ်တွေမှာ စာတမ်းလေးတွေရေးပြီး၊ ချိတ်ဆွဲထားတာ တွေ့ဖူးကြမှာပါ။ အထူးသဖြင့် ကျွန်မတို့ မြန်မာပြည်က နယ်ဘက်တွေမှာဆိုရင် ခရစ်ယာန်အိမ်တွေမှာ ကျမ်းပိုဒ်လေးတွေရေးပြီး၊ ချိတ်ထားတတ်ကြတယ်။ တချို့ကလည်း 'Home Sweet Home' တို့ 'Christ is the head of this house'အစရှိတဲ့ စာတမ်းလေးတွေ ချိတ် ဆွဲတတ်ကြတယ်။ တချို့ ယုံကြည်သူမဟုတ်တဲ့ အိမ်တွေမှာတော့ 'ကြွက်ရောင်းရန်ရှိသည်၊ တစ်ကောင်ငါးပြား' စသဖြင့်။ တချို့ကတော့ 'လူသာလာပါ၊ ပြဿနာမသယ်လာပါနဲ့'အစရှိတဲ့၊ စာတမ်းလေးတွေ ချိတ်ဆွဲထားတာတွေ့ရပါတယ်။ ကဗျာဆရာတစ်ဦးက၊ သူ့ကဗျာကောက်နှုတ်ချက်ကလေးကို စာတမ်းကလေး ဘယ်လိုရေးထားသလဲဆိုတော့၊ "မိတ်ဆွေများသည် ဖရဲသီးများနှင့်တူ၏။ မိတ်ဆွေကောင်းတစ်ဦးရရန် အယောက်တစ်ရာမျှ လောက်ရွေးစမ်းရ၏။"ဆိုပြီး၊ ရေးထားတယ်တဲ့။ မှန်ပါတယ်။ ကျွန်မတို့ ဖရဲသီးတစ်လုံးလောက်ဝယ်ဖို့အတွက် အလုံးတစ်ရာလောက် ဖင်ပြန်ခေါင်းပြန်ကြည့်ပြီး၊ ရွေးကြတယ်။ စားတဲ့အခါကျတော့ သိပ်မချိုဘူး၊ ပထမရွေးလိုက်တဲ့အလုံးက ပိုချိုရင်ချိုမှာဆိုပြီး၊ မဝယ်ဖြစ်လိုက်တဲ့အလုံးကို တမ်းတတတ်ကြသေးတယ်။ ဒီလိုပါပဲ၊ ကျွန်မတို့လည်း မိတ်ဆွေကောင်း တွေ့ဖို့မလွယ်ပါဘူး။ ဒီလူဟာ မိတ်ဆွေ ကောင်းဖြစ်မှာပဲဆိုပြီး၊ မိတ်ဆွေကောင်းတစ်ဦးအနေနဲ့ သတ်မှတ်ပေ

မယ့်၊ နေရာတိုင်းမှာ ကိုယ့်အပေါ်မကောင်းတာကို တွေ့လာတဲ့အခါ၊ ဒီလူဟာ ငါ့ အတွက် မိတ်ဆွေကောင်းမှ မဟုတ်ဘဲလို့ နောင်တရတတ်တယ်။

ကျွန်မတို့အပေါ် ဘုရားသခင်က ထိုနည်းအတိုင်းပဲ ခံစားရမလားလို့ ဆင်ခြင်မိတယ်။ ဓမ္မဟောင်းကျမ်းမှာရှိတဲ့ ပုဂ္ဂိုလ်တွေအနက် အာဗြဟံတစ်ဦးတည်းကိုသာ ဘုရားက သူ့မိတ်ဆွေလို့ဆို ထားတယ်။ "ငါ့အဆွေ အာဗြဟံ"၏မျိုးဆက်ဖြစ်သော... ဆိုပြီး၊ (ဟေရှာ ၄၁း၈) မှာ ဖော်ပြထားပါတယ်။ အာဗြဟံဟာ ယုံကြည်ခြင်းရဲ့ဖခင်လို့ အခေါ်ခံရလောက်အောင် ဘုရားသခင်ကိုယုံကြည်ခဲ့တဲ့ အတွက်၊ ဘုရားရှင်ရဲ့ စကားတော်ကိုနာခံလိုက်လျှောက်ခဲ့တဲ့ အတွက် ဘုရားရှင်က 'အဆွေ' လို့ ခေါ်ဝေါ်ခဲ့တာ ဖြစ်ပါတယ်။

တမန်တော်ယောဟန်ရေးခဲ့တဲ့ ကျမ်းဂန်တွေကိုဖတ်ကြည့်ရင်၊ သူ့ကိုယ်သူ 'ယေရှုချစ်တော်မူသောတပည့်တော်' လို့ တင်စားပြီးရေးလေ့ရှိတာကို တွေ့ရတယ်။ သူဘာလို့အဲလိုရေးတာလဲ။ သူကလည်း ခရစ်တော်ကိုအကြွင်းမဲ့ချစ်တဲ့အတွက်၊ ခရစ်တော်ကလည်း သူ့ကိုအကြွင်းမဲ့ချစ်မယ်လို့ ယုံကြည်တဲ့ အတွက်၊ အဲလိုရေးလိုက်တာဖြစ်တယ်။

သခင်ယေရှုက တပည့်တော်တွေကို အဆွေလို့ခေါ်မယ်လို့ မိန့်မြွက်တုန်းက၊ တပည့်တော်တွေ အလွန်အံ့သြသွား ကြမယ်ဆိုတာ တွေးကြည့်နိုင်တယ်။ ကျွန်မတို့တွေကော ကိုယ်တော်ရဲ့အဆွေအဖြစ် ရပ်တည်ကြပါရဲ့လား။ ကျွန်မတို့ဟာ ကိုယ်တော်ရဲ့ အဆွေလို့ ခေါ်သင့်ခေါ်ထိုက်တဲ့သူတွေ ဖြစ်ကြပါရဲ့လား။ ပြန်လည်သုံးသပ်ဆင်ခြင်ဖို့လိုအပ်ပါတယ်။

တကယ်တော့ ကျွန်မတို့ဟာ အာဗြဟံလို၊ တမန်တော်တွေလိုပဲ ဘုရားရှင်ဖန်ဆင်းခြင်းခံရတဲ့၊ လူသားတွေပဲဖြစ်ပါတယ်။ ဒီလို ဖန်ဆင်းခြင်းခံရတဲ့ လူချင်းအတူတူ၊ အာဗြဟံလို၊ တမန်တော်တွေလို၊ ဘုရားရှင်ရဲ့၊ ခရစ်တော်ရဲ့ 'အဆွေ' လို့ ခေါ်တာကို မခံချင်ကြဘူးလား။ ကျွန်မတို့ဟာ ကယ်တင်ခြင်းရပြီးတာနဲ့ ကျေနပ်နေဖို့ မဟုတ်ပါဘူး။ ကျွန်မတို့ရဲ့ လူ့ဘဝဟာ အင်မတန်တိုတောင်းလှပါတယ်။ ဒီတိုတောင်းတဲ့ဘဝမှာ အသက်ရှင်နေရတဲ့ အချိန် လေးမှာ ဘုရားရှင်အလိုကျ အသက်ရှင်ကြရဲ့လား။ မိမိရဲ့ အသက်တာကို ပြန်လည်စမ်းစစ်ဖို့ လိုအပ်ပါတယ်။ ဘုရားရှင်ရဲ့အဆွေဖြစ်ဖို့အတွက် ကျွန်မတို့ ဘာလိုအပ်သလဲ။

(မိက္ခာ၊ ၇း၇)"ငါမူကား၊ ထာဝရဘုရားကို မြော်လင့်မည်။ ငါ့ကိုကယ်တင်တော်မူသော ဘုရားသခင်ကို ငါခိုလှုံမည်။ ငါ၏ဘုရားသခင်သည် ငါ့စကားကို နားထောင်တော်မူမည်။"

သမ္မာကျမ်းစာမှာ ထာဝရဘုရားကို မြော်လင့်ဖို့ အထူးသဖြင့် ပရောဖက်များက ပိုပြီး၊ ရေးသားခဲ့ကြတယ်။ ဘာကြောင့် ထာဝရဘုရားကို မြော်လင့်ရမှာလဲ? ဘယ်လို မြော်လင့်ရမှာလဲ၊ ဘယ်လို စိတ်မျိုးနဲ့ မြော်လင့်ရမှာလဲဆိုတာ သိဖို့လိုအပ်ပါတယ်။

မိက္ခာအနာဂတ္တိကျမ်းကို အကျဉ်းချုံးပြီး လေ့လာမယ်ဆိုရင်၊ မိက္ခာဆိုတာ ယုဒပြည် တောင်ပိုင်းမှာရှိတဲ့မောရရှက္ခသား၊ မိက္ခာဟာ ယုဒရှင်ဘုရင် ယောသံမင်း၊ အာခတ်မင်းနှင့် ဟေဇကိမင်းများ လက်ထက်မှာ ပရောဖက်ပြုခဲ့တာ ဖြစ်ပါတယ်။ အခြားပရောဖက်များနည်းတူ၊ မိက္ခာမှတဆင့် ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ကျွန်မတို့သိရပါတယ်။ ဓမ္မဟောင်းမှာ ပရောဖက်ပြုထားတဲ့ များစွာသော အရာတွေဟာ ဓမ္မသစ် ခေတ်မှာပင် ပြည့်စုံမှုများစွာ တွေ့ရတယ်။ ဒီအထဲမှာ မိက္ခာအနာဂတ္တိကျမ်းကို ကျွန်မတို့လေ့လာကြည့်ရင်၊ တရားမျှတမှု၊ ကြင်နာမှု၊ နှိမ့်ချမှုရှိတဲ့အသက်တာနဲ့ အသက်ရှင်ဖို့၊ ရုပ်တု၊ ဆင်းတုကိုးကွယ်ခြင်း၊ လောဘကြီးခြင်း၊ သူတပါးအပေါ်ခေါင်းပုံဖြတ်ခြင်း၊ ဘုရားတရား ကြည်ညို ယောင်ဆောင်ခြင်းများကို အမြစ်ပါမကျန်ထုတ်ပစ်ဖို့ ဘုရားသခင်က ဘိတ်ခေါ်ထားတာကိုတွေ့ရပါတယ်။ ဘုရားသခင်ဟာ ကျွန်မတို့ရဲ့အပြစ်ကိုလွှတ်ဖို့ စိတ်ရှည်စွာနဲ့ ကမ်းလှမ်းလျက်ရှိသော်လည်း၊ နောင်တမရသောအပြစ်သားများကို သည်းခံမည်မဟုတ်ဘဲ တရားစီရင်ရန် ကြွရောက်တော်မူမှာ ဖြစ်ကြောင်း၊ ဘုရားသခင်ခွင့်လွှတ်တော်မူတဲ့အခါလည်း လုံးဝ ပြည့်စုံစွာ ခွင့်လွှတ်ခြင်းဖြစ်ပြီး၊ အငြိုးထားခြင်း မရှိကြောင်းများကို တွေ့ရပါတယ်။ မိက္ခာဖော်ပြတဲ့ အံ့သြဘွယ် အနာဂတ်ရူပါရုံကို ဂုဏ်တော်အတိုင်း အစိုးရတော်

မူမယ့် ဗက်လင်မြို့သား သခင်ယေရှု အားဖြင့် ကျွန်မတို့ဟာ ယခုပင် စတင်ခံစားနေရပြီဖြစ်ပြီး၊ စုံလင်တဲ့ မေတ္တာနဲ့ တရားမျှတမှုရှိတဲ့ ဘုရားသခင်ရဲ့ နိုင်ငံတော်သစ်မှာ ပြီးပြည့်စုံစွာ ထာဝရစံစားရမှာ ဖြစ်တယ်။

ဒါကြောင့် မိက္ခာကလည်း ဘုရားသခင်ကို ကောင်းကောင်းသိတယ်။ ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ခိုလှုံလိုစိတ်ရှိတယ်။ ဘုရားကိုချစ်တယ်။ ဘုရားကိုမြော်လင့်တယ်။ စိတ်နှလုံးအကြွင်းမဲ့ ဘုရားကိုမြော်လင့်တဲ့အတွက် ဘုရားရှင်က သူ့စကားကို နားထောင်မယ်ဆိုတာ၊ သူအကြွင်းမဲ့ ယုံကြည်တယ်။ ဒါကြောင့် (မိက္ခာ၊ ၇း၇)“ငါမူကား၊ ထာဝရဘုရားကို မြော်လင့်မည်။ ငါ့ကို ကယ်တင်တော်မူသော ဘုရားသခင်ကို ငါခိုလှုံမည်။ ငါ၏ဘုရားသခင်သည် ငါ့စကားကို နားထောင်တော်မူမည်။” လို့ဆိုထားတာဖြစ်ပါတယ်။

ဘုရားရှင်ကိုမြော်လင့်သောသူများရဲ့ အသက်တာမှာ ဘယ်လိုကောင်းကြီးမင်္ဂလာ ခံစားရပါသလဲ။ (ဆာလံ ၄၀း၁-၃) မှာ ဆာလံဆရာက ဘယ်လိုရေးထားသလဲဆိုတော့။

(၁) ငါသည် ထာဝရဘုရားကို စေ့စေ့မြော်လင့်သည်ကာလ၊ ငါ့ကိုမျက်နှာ ပြု၍... ဘုရားသခင်ရဲ့ မျက်နှာပြုခြင်းခံရတယ်ဆိုတာ၊ ဘုရား ရှင်က ကျွန်မတို့ကို မျက်နှာလွှဲမထားဘူး၊ အမြဲတမ်း ကြည့်ရှုစောင့်ရှောက်တော်မူတယ်လို့ ဆိုလိုတာ ဖြစ်ပါတယ်။

(၂) ငါအော်ဟစ်သောအသံကိုကြားတော်မူ၏။... ကျွန်မတို့ရဲ့ ဆုတောင်းသံကိုကြားတော်မူတယ်။ နားညောင်းတော်မူပြီး၊ ကောင်းကြီးမင်္ဂလာ ဆုကျေးဇူးကိုချပေးတော်မူပါတယ်။

(၃) ပျက်စီးရာတွင်းနှင့် အလွန်ဆိုးသော ရွှံ့ထဲက ငါ့ကို ဆယ်နှုတ်ပြီးလျှင် ... ထာဝရဘုရားသခင်ကို မြော်လင့်သောသူတို့ရဲ့ အသက်တာ လမ်းခရီးတွင် ပျက်စီးရာတွင်းရှိသော်လည်း၊ ကျော်လွှားနိုင်ရသောအခွင့်အရေးကို ဘုရားရှင် ပေးတော်မူပါတယ်။ လမ်းလွှဲပျက်စီးစေသောနေရာမျိုးမှ ကင်းဝေးစေခြင်းဖြစ်ပါတယ်။

(၄) အလွန်ဆိုးသောရွှံ့ ... ရွှံ့ကဲ့သို့သော မကောင်းသောအရာတွေ ကျွန်မတို့ကိုယ်မှာ ပေရေစွန်းထင်းခြင်းမှ ဘုရားရှင်က ကျွန်မတို့ကို ဆယ်နှုတ်တယ်လို့ဆိုလိုခြင်းဖြစ်ပါတယ်။

(၅) ငါ့ခြေတို့ကို ကျောက်ပေါ်မှာတင်၍ ... ခြေထောက်ကို ကျောက်ပေါ်မှာတင်တယ်၊ ဆိုတာ ခိုင်မြဲစေတာကို ပြောတာဖြစ်ပါတယ်။ ယိုင်လဲခြင်း မရှိအောင် မတ်မတ်ရပ်တည်နိုင်အောင် ခိုင်မြဲသော ကျောက်ပေါ်မှာ တင်ပေးတယ် လို့ဆိုလိုခြင်းဖြစ်တယ်။

(၆) ထိုသို့ ငါတို့ ဘုရားသခင်ကို ချီးမွမ်းရာ သီချင်းသစ်ကို ငါမြွက်ဆိုစေခြင်းငှါ အခွင့်ပေးတော်မူ၏။ ... ဘုရားသခင်ကို ချီးမွမ်းဖို့သီချင်း အသစ်ကို ပေးတယ်လို့ဆိုတာက၊ ကျွန်မတို့ စိတ်ပျော်တယ်၊ ဝမ်းသာစရာ ကြုံတွေ့ရတယ်ဆိုရင်၊ Praise the Lord! ဆိုပြီး၊ ဘုရားရှင်ကိုချီးမွမ်းကြတယ်။ တချို့က ခုန်ပေါက်ပြီးတော့တောင် ကခုန်ကြတယ်။ လုပ်လေရာတိုင်းမှာ သွားလေရာတိုင်းမှာ ပျော်ရွှင်စွာနဲ့ သွားလာလှုပ်ရှားရသောအခွင့်ပေးခြင်းကိုဆိုလိုခြင်းဖြစ်ပါတယ်။

(၇) လူများတို့သည် သိမြင်၍ ကြောက်ရွံ့သော စိတ်နှင့် ထာဝရဘုရားကို ကိုးစားကြလိမ့်မည်။... ဘုရားရှင်ကို မြော်လင့်တဲ့အသက်တာနဲ့ အသက်ရှင်တဲ့သူရဲ့အောင်မြင်ခြင်း၊ ဘုရားရှင်ကောင်းချီးပေးခြင်းကို လူတွေမြင်တဲ့အခါ၊ ကြောက်ရွံ့တဲ့စိတ်နဲ့၊ ကြောက်ရွံ့တဲ့စိတ်ဆိုတာက ဒီလူဟာသာမာန်လူမဟုတ်ဘူး၊ ဘုရားရှင်ကောင်းချီးကိုရထားတဲ့သူ ဖြစ်တယ်ဆိုပြီး၊ မိမိရဲ့အသက်တာကို ကြည့်ပြီး၊ ထာဝရဘုရားရှင်ကို မြင်လာပြီးတော့၊ ကိုးစားလာကြမယ်လို့ ဆိုလိုခြင်းဖြစ်ပါတယ်။

မိက္ခာက ဘယ်လို ဘုရားသခင်ကို မြော်လင့်သလဲ။ ဘယ်လိုအသက်တာမျိုးနဲ့မြော်လင့်သလဲ။ ကျွန်မတို့လည်း ဘယ်လိုအသက်တာမျိုးနဲ့ ဘုရားသခင်ကိုမြော်လင့်ကြမလဲ။ မိက္ခာအနာဂတ္တိကျမ်းမှာ မြော်လင့်ခြင်း အသက်တာတွင်၊ နေ့စဉ်အသက်တာ၌ ဆုတောင်းဆက်ကပ်ခြင်း၊ သည်းခံခွင့်လွှတ်စိတ်နဲ့ အသက်ရှင်နေထိုင်ခြင်း၊ ယုံကြည်ချက်ခိုင်မာခြင်း၊ မျှော်လင့်ခြင်းကြီးစွာနဲ့ဘုရားရှင်ရဲ့အမှုတော်မှာ စိတ်အားကြီးပြီး၊ မလျှော့သောဇွဲနဲ့ အမြဲတမ်း ဘုရားရှင်ကို တမ်းတသောစိတ်နှင့် ထာဝရဘုရားရဲ့ ရှေ့တော်မှောက်မှာ ငြိမ်သက်ဆိတ်ငြိမ်စွာ၊ တနည်း အားဖြင့်

အလိုတော်ကို ဝန်ခံလျက် အသက်ရှင်ခြင်း၊ ကရုဏာတရား၊ ဖြောင့်မတ်ခြင်းတရားကို စောင့် ရှောက်လျက် အသက်ရှင်ခြင်းတို့ပါဝင်တာကို တွေ့ရ ပါတယ်။

ကျွန်မတို့ရဲ့အသက်တာမှာ ဒီလို အသက်တာမျိုးနဲ့ ဘုရားရှင်ကို မြော်လင့်ကြပါသလား။ ပြန်လည် သုံးသပ်ကြည့်ဖို့ လိုအပ်ပါတယ်။

(ယော ၃း၁၉-၂၁) "အပြစ်စီရင်ခြင်းကို ခံရကြောင်းကား၊ အလင်းသည် ဤလောကသို့ဝင်၍ လူတို့သည် မကောင်းသောအကျင့်ကို ကျင့်သောကြောင့်၊ အလင်းထက်မှောင်မိုက်ကိုသာ၍ နှစ်သက်ကြ၏။ ဆိုးယုတ်သောအကျင့်ကို ကျင့်သောသူအပေါင်းတို့သည် အလင်းကိုမြင်ပြင်း၍ မိမိတို့အကျင့်၌ အပြစ်ပါသည်ကို မထင်ရှားစေခြင်းငှါ အလင်းသို့ မချဉ်းကပ်ကြ။ သမ္မာတရားကို ကျင့်သောသူမူကား မိမိအကျင့်တို့သည် ဘုရားသခင်၏အလိုတော်နှင့် ညီသည်ကို ထင်ရှားစေခြင်းငှါ အလင်းသို့ ချဉ်းကပ်သည်ဟု ဟောတော်မူ၏။" ဘုရားသခင်ကို မြော်လင့်တဲ့သူဟာ ဘုရားသခင်ရဲ့အလိုတော်နဲ့အညီ၊ အလင်းသို့ချဉ်းကပ်ပါတယ်။ တချို့က ကယ်တင်ခြင်း ကျေးဇူးကိုခံရပြီးတဲ့နောက်မှာ ဘယ်ပညတ်တော်ကမှ ပိတ်ပင်တားဆီးခြင်းမရှိဘူး၊ ဆိုပြီး၊ တလွဲယူဆတတ်ကြပါတယ်။ ကယ်တင်ခြင်းကျေးဇူးကိုခံရလေလေ၊ ဘုရားသခင်အလိုတော်နှင့်ကိုက်ညီသောအရာများ၊ ဘုရားသခင်ရဲ့အလိုတော်များကို ဝိညာဉ်တော် ဖော်ပြပေးခြင်းဖြင့်၊ သိရှိပြီး၊ ပိုမိုလိုက်နာဖို့လိုအပ်ပါတယ်။ မလိုက်နာနိုင်သောသူကို လူသားများက တရားစီရင်ပိုင်ခွင့်မရှိပါဘူး။ လူသားအချင်းချင်း တရားစီရင်တာဟာလည်း၊ ဒီလောက်ကြောက်စရာ မကောင်းပါဘူး။ အထက်မှာ ရေးထားခဲ့သလိုပဲ ဘုရားသခင် ဟာ ကျွန်မတို့ရဲ့ အပြစ်ကိုလွှတ်ဖို့ စိတ်ရှည်စွာနဲ့ ကမ်းလှမ်းလျက်ရှိသော်လည်း၊ နောင်တမရသော အပြစ်သားများကို သည်းခံမည်မဟုတ်ဘဲ တရားစီရင်ရန် ကြွရောက်တော်မူမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့အကြီးမားဆုံးပညတ်ဟာ "သင်၏ ဘုရားသခင်၊ ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ ဥာဏ်ရှိသမျှနှင့်ချစ်လော့၊ ဟူသောပညတ်သည် ပဌမပညတ်ဖြစ်၏။"ဟု (မဿဲ ၂၂း၃၇)မှာ ခရစ်တော် ကိုယ်တော်တိုင်မိန့်မြွက်ခဲ့တာဖြစ်ပါတယ်။ ဘုရားသခင် ခွင့်မလွှတ်နိုင်ဆုံးအပြစ်တရားကတော့၊ မယုံကြည်ခြင်းအပြစ်ဖြစ်ပါတယ်။ မယုံကြည်ဘဲ၊ ယုံကြည်ယောင်ဆောင်သောသူအဖို့ အလွန်ပင် ကြောက်စရာ၊ ဝမ်းနည်းစရာကောင်းလှပါတယ်။ မိမိကိုယ်ကိုမိမိ၊ အမှန်တကယ်ယုံကြည်သူ ဟုတ်မဟုတ် ဆိုတာ၊ သေချာဖို့အလွန်ပင် အရေးကြီးလှပါတယ်။

(ယာကုပ် ၁း၂၂) "ကိုယ်ကိုကိုယ် လှည့် ဖြား၍၊ နှုတ်ကပတ်တရားကို နာရုံမျှသာ ပြုသောသူမဟုတ်၊ တရားကိုကျင့်သောသူဖြစ်ကြလော့။" ယုံကြည်သူဟာ တရားကိုကြိုးစားပြီး ကျင့်စရာ မလိုဘဲ၊ အလိုလိုကျင့်ပြီးသား ဖြစ်သွားပါလိမ့်မယ်။ တရားမကျင့်သေးပါက၊ မိမိကိုယ်ကိုမိမိ စမ်းစစ်ဖို့လိုပါတယ်။ (၁ကော၊ ၃း၁၆-၁၇)မှာ "သင်တို့သည် ဘုရားသခင်၏ဗိမာန်တော် ဖြစ်ကြသည်ကိုငင်း၊ ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကျိန်းဝပ်တော်မူသည်ကိုငင်း မသိကြသလော။ အကြင်သူသည် ဘုရားသခင်၏ ဗိမာန်တော်ကို ဖျက်ဆီး၏။ ထိုသူကို ဘုရားသခင် ဖျက်ဆီးတော်မူလိမ့်မည်။ ဘုရားသခင်၏ ဗိမာန်တော်သည် သန့်ရှင်းရ၏။ သင်တို့သည်လည်း ထိုဗိမာန်တော်ဖြစ်ကြ၏။"လို့ဆိုထားပါတယ်။ ကိုယ်ကိုကိုယ်လှည့်ဖြား၍ ဘုရားသခင်၏ ဗိမာန်တော်ကို ဖျက်ဆီးကြသူများမဖြစ်ရန်၊ အရေးကြီးလှပါတယ်။

(ဂလာ ၅း၁၆-၁၇) "ငါပညတ်သည်ကား၊ ဝိညာဉ်ပကတိအတိုင်းကျင့်ကြလော့၊ ထိုသို့ကျင့်လျှင် ဇာတိပကတိ ၏အလိုသို့မလိုက်ဘဲ၊ နေကြလိမ့်မည်။ အကြောင်းမူကား၊ ဇာတိပကတိနှင့် ဝိညာဉ်ပကတိသည် တပါးနှင့်တပါး ဆန့်ကျင်သောအလိုရှိကြ၏။ တပါးနှင့်တပါးဆန့်ကျင်ဘက်ဖြစ်၍၊ သင်တို့သည် ကျင့်ချင် သောအကျင့်ကိုမကျင့်နိုင်ကြ။" ဇာတိပကတိကို ဦးစားပေးနေသရွေ့ ဘုရားသခင်နဲ့ ဘယ်လိုမှ နီးစပ်နိုင်မှာ မဟုတ်ပါဘူး။

နောက်ဆုံးအချက်အနေနဲ့ ဘုရားသခင်ရဲ့အလိုတော်လိုက်လျှောက်ဖို့၊ ဘုရားသခင်ရဲ့ အလိုတော်ကို သိဖို့လိုအပ်ပါတယ်။

(၁တိ၊ ၂း၄) "လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍၊ သမ္မာတရားကို သိစေ

ခြင်းငှါ၊ ဘုရားသခင်အလိုတော်ရှိ၏။" ကျွန်မတို့ MCMC အသင်းတော်ရဲ့ (Motto) ဆောင်ပုဒ်လည်း ဖြစ်ပါတယ်။ လူတွေကယ်တင်ခြင်းသို့ ရောက်ဖို့၊ သမ္မာတရားကိုသိဖို့ ဘုရားသခင်အလိုတော်ရှိတယ်။ ဘုရားသခင်ရဲ့ အလိုတော်ကို လိုက်လျှောက်ဖို့ဟာ ကျွန်မတို့ယုံကြည်သူတစ်ဦးစီမှာ တာဝန်ရှိပါတယ်။ ကျွန်မတို့ ဧဝံဂေလိဟောဖို့မထွက်နိုင်ဘူး၊ အထူးသဖြင့် နိုင်ငံခြားမှာ အလုပ်လုပ်တဲ့သူတွေအတွက် အချိန်ဟာ အင်မတန်မှ တန်ဖိုးရှိတယ်။ ဒီတန်ဖိုးရှိတဲ့အချိန်တွေကို ကျွန်မတို့ အလုပ်အတွက်ပဲ အကုန်ခံကြရတဲ့အခါ ကျတော့၊ ဘုရားသခင်ရဲ့ အလိုတော်ဖြစ်တဲ့၊ လူတွေ သမ္မာတရားကိုသိဖို့အတွက် ကျွန်မတို့မလုပ်နိုင်ကြတော့ဘူး။ ဒါဆိုရင် ဘယ်လိုလုပ်မလဲ? ကျွန်မတို့ အသင်းတော်ဟာ သာသနာကိုဦးစားပေးပြီး လုပ်ဆောင်နေတာဖြစ်တယ်။ အထူးသဖြင့် ကိုယ်တိုင် သာသနာအတွက် မပေးဆပ်နိုင်တဲ့သူတွေ၊ ဧဝံဂေလိ ထွက်ပြီး မဟောပြောနိုင်တဲ့ သူတွေအတွက် ပိုပြီး မွန်မြတ်တဲ့အမှုတော်ဆောင်ခြင်းဖြစ်တယ်။

အသင်းတော်ရဲ့ Bulletin ထဲမှာ ဖော်ပြထားတာရှိပါတယ်။ ကျွန်မတို့အသင်းတော်က စေလွှတ်တဲ့ စေတမန်တွေအတွက် အလှူငွေ ပါဝင်ကြတယ်။ တချို့ဆိုရင် နှစ်နှစ်ဆက်တိုက်၊ ပါဝင်ကြတယ်။ တချို့က တနှစ်လုံးအတွက် ပါဝင်ပြီးကြပြီ။ တချို့က ယုံကြည်ခြင်းဂတိတွေပေးကြတယ်။ ဒါတွေဟာ အင်မတန်မွန်မြတ်တဲ့ အမှုတော်ဆောင်လုပ်ငန်း တစ်ခုပဲဖြစ်တယ်။ ဘုရားသခင်ရဲ့အလိုတော်ကို လိုက်လျှောက်နေတဲ့အသက်တာဖြစ်တဲ့အတွက်၊ ဘယ်သူခိုးမှခိုးယူလို့မရတဲ့ကောင်းကြီး မင်္ဂလာတွေ ဖြစ်တယ်။ ဒီလူတွေက သက်သေထွက်မခံကြပေမယ့်၊ မွန်မြတ်တဲ့အလုပ်တွေလုပ်နေကြတဲ့အတွက် သူတို့မှာ ဘုရားရှင်ဘယ်လိုကောင်းမြတ်တယ်၊ သူတို့ကို ဘယ်လိုစောင်မကြည့်ရှုတယ် ဆိုတာတွေ သက်သေခံစရာတပုံကြီးရှိမယ်လို့ ကျွန်မယုံကြည်တယ်။ လူတိုင်းမှာ အခက်အခဲဆိုတာ ရှိကြပေမယ့်၊ စိတ်နှလုံး ပါလျက် ဘုရားအလိုတော်အတိုင်း အသက်ရှင်တဲ့သူတွေ၊ ထာဝရဘုရားကို မြော်လင့်တဲ့သူတွေဟာ သာမန်လူတွေနဲ့မတူအောင် ကောင်းကြီးမင်္ဂလာခံစား ကြရတယ်ဆိုတာ မျက်မှောက်မှာလည်း မြင်တွေ့ နေရတာ ငြင်းလို့မရပါဘူး။

ဒါကြောင့် ထာဝရဘုရားကို မြော်လင့်ခြင်း အသက်တာဟာ ကျွန်မတို့ယုံကြည်သူတွေ မဖြစ်မနေ၊ လိုက်လျှောက်ရမယ့်အသက်တာဖြစ်တယ်ဆိုတာ၊ သိထားဖို့လိုပါတယ်။ မဖြစ်မနေ လိုက်လျှောက်ရမယ် ဆိုတဲ့အခါကျတော့၊ ဥပမာအားဖြင့် ပေးကမ်း လှူဒါန်းတဲ့အခါ "မလှူဘဲမနေရ"ဆိုတဲ့စိတ်နဲ့ ပေးလှူတာဟာ စစ်မှန်တဲ့အလှူမဟုတ်ပါဘူး၊ ဘုရားအလိုတော်ရှိတဲ့အလှူမဟုတ်ဘူးဆိုတာလည်း၊ (၂ကော၊ ၉း၇) မှာ"နှမြောသောစိတ်နှင့် မလှူရ၊ မလှူဘဲမနေရဟု စိတ်ထင်နှင့်မလှူရ၊ အကြောင်းမူကား စေတနာစိတ်နှင့် လှူသောသူကိုသာ ဘုရားသခင် နှစ်သက်တော်မူ၏" လို့ အတိအလင်းရေးထားပါတယ်။ ကျမ်းစာက ဖော်ပြတယ်ဆိုရင် ကျမ်းစာအတိုင်း ကျွန်မတို့လိုက်လျှောက်ဖို့ပဲဖြစ်တယ်ဆိုတာသိဖို့လိုပါတယ်။

ဒါကြောင့် မြော်လင့်ခြင်း အသက်တာဟာ ခက်ခဲကောင်းခက်ခဲလိမ့်မယ်။ ဒါပေမယ့် ဘုရားရှင်နှင့် အရင်းနှီးဆုံးဖြစ်ပြီး၊ ခရစ်တော်နဲ့အနီးကပ်ဆုံး အသက်ရှင်တဲ့သူတွေက၊ ထာဝရဘုရားကို မြော်လင့်ခြင်း အသက်တာနဲ့ အသက်ရှင်ခြင်းဟာ ဘုရားရှင်ရဲ့ ကောင်းကြီးမင်္ဂလာကို ခံစားရတယ်ဆိုတာ၊ သမ္မာကျမ်းစာထဲမှ အတိအလင်း ဖော်ပြထားတဲ့ အတွက်၊ ကျွန်မတို့ရဲ့အသက်တာမှာ ထာဝရဘုရားကို မြော်လင့်ခြင်း အသက်တာနဲ့ အသက်ရှင်ဖို့ မေတ္တာနှင့် တိုက်တွန်းနှိုးဆော်လိုပါတယ်။

(ဟေရှာယ၊ ၄၀း၃၁)မှာ "ထာဝရဘုရားကို မြော်လင့်သောသူမူကား အားပြည့်ကြလိမ့်မည်။ ရွှေလင်းတကဲ့သို့ မိမိတို့အတောင်ကို အသစ်ပြုပြင်ကြလိမ့်မည်။ ပြေးသော်လည်း မပင်ပန်း၊ ခရီးသွားသောအခါ မမောရကြ။" လို့ ဆိုထားပါတယ်။

အယောက်စီတိုင်းအပေါ် ဘုရားရှင် ကောင်းကြီးပေးပါစေ။

*(၂၀၀၈ ခုနှစ် ဇွန်လ(၂၂)ရက်နေ့တွင် MCMC အသင်းတော်၌ ကိုယ်တိုင်ဝေငှသော တရားဒေသနာကို ဖော်ပြပေးပါသည်။)*

---

# ယုဒသန်နှင့်မြန်မာရှေ့ပြေးသည်

(အင်းဝကြိုးတိုက်ထောင်နှင့် အောင်ပင်လယ်လက်မရှိ့ထောင်တို့တွင်နေခဲ့ရသူ)

**မောင်စင်ကြယ်**

## စစ်ရေးငင်သည့်ပြဿနာ

"ကိုဒေါင်းရေ၊ ဆရာယုဒသန်နဲ့အန်တို့ တတိယအခေါက်အဖြစ် အင်းဝနေပြည်တော်သို့ ဆန်တက်လာသည့်ခရီးမှာ 'ဆင်ဖြူကျွန်း' ဆိပ်ကမ်းသို့ လည်းရောက်ရော၊ စစ်ရေးငင်တာကိုတွေ့ရတယ်လေ။ အထူးသဖြင့် ရွှေရောင်တဖိတ်ဖိတ်တောက်နေတဲ့ 'စစ်သူကြီးမဟာဗန္ဓုလ'ရဲ့လှေတော်ကို အဝေးကပင် လှမ်းမြင်ရပါတယ်"

'ဟုတ်ကဲ့ဆရာ၊ နားထောင်ပါရစေ'

"ဒီမြင်ကွင်းတွေကိုတော့ စောစောက ဖော်ပြခဲ့တဲ့စာအုပ်တွေမှာမပါသေးဘူး၊ ကိုယ့်ဇနီးရဲ့တူမ ယောက်ျား၊ အမေရိကားသွားတော့ဝယ်ခဲ့တဲ့ 'ရွှေလှေ' (Golden Boat)မှာပါတဲ့မြင်ကွင်းတွေပါပဲ။ စာရေးသူတော့မေ့နေပြီကွယ်"

'ဟုတ်ကဲ့ဆရာ၊ စာရေးဆရာမေ့နေလည်း နားထောင်ကြည့်ပါရစေဆရာ'

"ဆရာယုဒသန်တို့စီးနင်းလာသော 'ပိန်းကောလှေကြီး'သည် ဧရာဝတီမြစ်စဉ်အတိုင်း ဆန်တက်လာရာ ဆင်ဖြူကျွန်းဆိပ်ကမ်းသို့ ရောက်ရှိလာလေသည်။ ဆင်ဖြူကျွန်းဆိပ်ကမ်းသည် အင်းဝနှင့် မိုင်တစ်ရာကျော်ပင်ကွာဝေးနေသေးသည်။ ယင်းသို့ ဆင်ဖြူကျွန်းဆိပ်ကမ်းရောက်လာသည်နှင့် စစ်ရေးငင်သည့်ပြဿနာကိုတွေ့လာရတော့သည်။ အင်းဝနေပြည်တော်မှစုန်ဆင်းလာသော စစ်သူကြီးမဟာဗန္ဓုလ၏ 'တိုက်လှေ'အချို့သည် ဆင်ဖြူကျွန်းတွင် ဆိုက်ကပ်ထားလေသည်။ စစ်တိုက်လှေများကိုတွေ့ရလျှင် ဆရာယုဒသန်နှင့်အဖွဲ့သည် စိုးတထိတ်ထိတ်ဖြင့် ရှေ့သို့ ဆန်တက်လာခဲ့ရသည်။ မကြာမီရက်အတွင်း၌ စစ်သူကြီးမဟာဗန္ဓုလ၏ရွှေရောင်ဖြင့်တောက်ပနေသည့် 'ဖောင်တော်ကြီး'ကို လှမ်းမြင်ရတော့သည်။ ယင်းအခိုက်မှာပင် မဟာဗန္ဓုလ၏ 'လှေမြန်တော်'တစ်စင်း ဆရာယုဒသန်၏လှေအနီးသို့ဆိုက်ကပ်လာသည်"

"လှေမြန်တော်မှ 'တပ်မှူး'သည် ဆရာယုဒသန်၏ခရီးစဉ်ကို စစ်ဆေးမေးမြန်းသည်။ ဆရာယုဒသန်က မင်းတရားကြီး၏အမိန့်တော်အရ အင်းဝနေပြည်တော်သို့သွားရောက်ရန်ဖြစ်ကြောင်း။ မိမိတို့သည် အင်္ဂလိပ်လူမျိုးများမဟုတ်ဘဲ အမေရိကန်များဖြစ်ကြောင်း တပ်မှူးအား ရှင်းပြလေသည်။ လှေမြန်တော်တပ်မှူးသည် ဆရာယုဒသန် ပြောသမျှရေးမှတ်ပြီး ပိန်းကောလှေအားရပ်တန့်ခိုင်းထား၏။ ပြီးလျှင်သတင်းပို့ရန်အလို့ငှါ စစ်သူကြီးမဟာဗန္ဓုလ၏ ဖောင်တော်ဆီသို့ထွက်ခွါသွားလေသည်။ အတန်ကြာလျှင် လှေမြန်တော်ပြန်ရောက်လာသည်။ မဟာဗန္ဓုလက အင်းဝသို့သွားခွင့်ပြုကြောင်းအမိန့်ကို တပ်မှူးက ပြောပြလေသည်။ ပိန်းကောလှေကြီးသည် အင်းဝသို့ ဆက်လက်ဆန်တက်ပြန်လေသည်"

"အင်းဝရောက်လျှင် ဒေါက်တာပရိုက်စ်သည် အခြေအနေများကိုရှင်းပြသည်။ ရခိုင်ဘက်တွင် မြန်မာ့ဘုရင်တပ်နှင့် ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီတပ်များ စစ်ရေး၊ နိုင်ငံရေး ထိပ်တိုက်ရင်ဆိုင်မှုသည် အင်းဝနေပြည်တော်သို့ သတင်းဆိုးတစ်ရပ်အဖြစ် အဆက်မပြတ်ရောက်ရှိလာကြောင်း၊ ဒေါက်တာပရိုက်စ် ကိုယ်တိုင်ရွှေနန်းတော်နှင့်ဆက်ဆံရေးကို သတိကြီးစွာထား၍ ဆက်ဆံရကြောင်း ဆရာယုဒသန်အားရှင်းပြသည်။

ဆရာယုဒသန်၏အင်းဝခရီးသည် တစ်ခေါက်နှင့် တစ်ခေါက်အဓိပ္ပါယ်ချင်းမတူချေ။ ပထမအခေါက် အင်းဝခရီးတွင် ရွှေနန်းတော်မှအသိအမှတ်ပြုခြင်း မခံရသော်လည်း ဒုတိယအခေါက်တွင် ရွှေနန်းတော်က ပျူပျူငှါငှါကြိုဆိုသည်။ ယခု တတိယအခေါက်တွင်တော့ စစ်ရေးငင်မှုနှင့်ကြုံတွေ့ရပြန်လေသည်”

“ရွှေနန်းတော်မှအမှုအရာများပြောင်းသော်လည်း ယုဒသန်ဇနီးမောင်နှံအပေါ် အမှုအရာ မပြောင်းသည်မှာ ကွယ်လွန်သူ(မြေထဲမင်း)ရန်ကုန်မြို့ဝန်၏ ကတော်ပင်ဖြစ်သည်။ မြေထဲမင်းကတော်သည် ယုဒသန်ဇနီးမောင်နှံအပေါ် ယခင် သိဟောင်းကျွမ်းဟောင်းပမာပင်ဆက်ဆံသည်။ ထိုအချိန်တွင် ဆရာယုဒသန်သည် အပြင်အပမသွားရောက်တော့ဘဲ ဓမ္မသင်တန်းပေးခြင်းနှင့် တနင်္ဂနွေနေ့တွင် ဒေါက်တာပရိုက်စ်ရှိရာစစ်ကိုင်းဘက်ကမ်းသို့ကူး၍ ဘုရားရှိခိုးခြင်းကိုသာပြုတော့သည်”

**အင်းဝကြိုးတိုက်ထောင်နှင့် အောင်ပင်လယ် လက်မရှိ့ထောင်**

“ရခိုင်ဘက်ကစစ်ရေးသတင်းများသည် အင်းဝနေပြည်တော်တွင်သာမက ရန်ကုန်ကိုပါ လှုပ်ခါလေတော့သည်။ ထိုစဉ်က ရန်ကုန်ဆိပ်ကမ်းတွင် သင်္ဘောမှာ တစ်စင်းတည်းသာရှိလေသည်။ ရန်ကုန်မြို့ရှိ နိုင်ငံခြားသားများသည် သူ့ထက်ငါ ဦးအောင်ပင် သင်္ဘောပေါ်သို့လုယက်တက်ကုန်ကြသည်။ မစ္စတာဟိုးနဲ့ မစ္စတာဝိတ်တို့အား မြန်မာတပည့်များက ယင်းသင်္ဘောဖြင့်လိုက်ပါသွားရန်တိုက်တွန်းကြသော်လည်း၊ ဆရာယုဒသန်မရှိခိုက် မြန်မာတပည့်များအား စွန့်ခွါမသွားသင့်ဟုယူဆသောကြောင့် ဤအတိုင်းနေကြ၏။ အင်္ဂလိပ်ရေတပ်သင်္ဘောများချီတက်လာချိန်တွင် မစ္စတာဟိုးနှင့်မစ္စတာဝိတ်တို့နှစ်ဦးစလုံးပင် အဖမ်းခံကြရလေသည်။ ယင်းအချိန်တွင် အင်းဝနေပြည်တော်၌ ဆရာယုဒသန်နှင့် ဒေါက်တာပရိုက်စ်တို့ ပထမ၌ စစ်ဆေးမေးမြန်းခြင်းခံရ၏။ ၁၈၂၄ ခု ဇွန်လ ၈ ရက်တွင်ကား ဆရာယုဒသန်နှင့် ဒေါက်တာပရိုက်စ်တို့ပါ ဖမ်းဆီးခြင်းခံရပြီး အခြားသောနိုင်ငံခြားသားများနည်းတူ အင်းဝကြိုးတိုက်ထောင်သို့ ပို့ဆောင်ခြင်းခံရလေသည်။ ယင်းသို့ဖမ်းဆီးရာတွင် အင်္ဂလိပ်များနှင့် ရောထွေးလျက် ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းပါ ပါဝင်လေသည်”

“အင်းဝထောင်သည် ထိုစဉ်က နာမည်ကြီးထောင်တစ်ထောင်ပင်ဖြစ်သည်။ သို့ဖြင့် ယင်းကို ကြိုးတိုက်ထောင်ဟူ၍လည်းခေါ်သည်။ ထောင်တွင်း၌ပင် ရာဇဝတ်သားများအား ကြိုးပေးကွပ်မျက်သည်။ မြန်မာဘုရင်လက်ထက်တွင် အချုပ်၊ ထောင်ကျ ခွဲခြားခြင်းမရှိဘဲ ရာဇဝတ်သားတိုင်း ထိပ်တုံးခတ်ခြင်းနှင့် သံခြေကျင်းခတ်ခြင်းခံကြရသည်။ ထိုစဉ်က နာမည်ကြီးအင်းဝကြိုးတိုက်ထောင်သည် ‘ရွှေရုံးတော်’ ခေါ် ရာဇဝတ်ရုံးတော်၏မြောက်ဘက်တွင်ရှိသည်။ ထောင်ဝင်းသည် ‘ပြဝက်ခန့်’ ကျယ်ဝန်းလျက် ထောင်ဝင်းကြီးအား အလုံကာဝါးထရံဖြင့် အသေအချာကာရံထားလေသည်။ထောင်ကြီး၏တောင်ဘက်မျက်နှာတွင် တံခါးတစ်ပေါက်ရှိ၍ထောင်၏အဆောက်အဦးပုံစံသည် မြေပြင်မှအမြင့်နှစ်တောင်ခန့်တွင် ပျဉ်ကြမ်းကို ခင်းထားသည်။ ပျဉ်ထောင်ပျဉ်ခင်းတွင် အခန်းများ ဖွဲ့စည်းထားခြင်းမရှိပေ”

“ထောင်ကြီး၏အလယ်ဗဟိုတွင် ‘အလုံထောင်’ တစ်ခုသီးသန့်ရှိသည်။ ယင်းအလုံထောင်သည်မျက်မှောက်ခေတ်အခေါ်အားဖြင့် ‘အမှောင်တိုက်’ ပင်ဖြစ်သည်။ အလုံထောင်အမည်ဖြင့်အညီ အတွင်း၌ မှောင်မိုက်နေသည်။ အပြင်လေကိုပင် ရှူရှိုက်၍မရ၊ သေဒဏ်ကျများနှင့်ကွပ်မျက်ခြင်းခံရမည့် ရာဇဝတ်သားများ ယင်းအလုံထောင်၊ အမှောင်တိုက်တွင်ထည့်သွင်းထားလေသည်။ အင်းဝကြိုးတိုက်ထောင်ပြီးလျှင် မဟာဆီမဟာသွေးများနှင့် အရာရှိအရာခံများအတွက် သီးသန့်ထောင်တစ်ခုရှိသေးသည်။ ထိုထောင်မှာ ‘အုတ်တိုက် ထောင်’ ဖြစ်သည်။ မဟာဆီမဟာသွေးများအတွက် သံခြေကျင်းခတ်သော်လည်း ကတ္တီပါပတ်ပြီးမှ သံခြေကျင်းခတ်ရသည်။ အသားအရေစုတ်ပြတ်သည့်ဒဏ်ခံနိုင်ရန်ဖြစ်သည်။ မျက်မှောက်ခေတ်ထောင်များတွင် အစားအစာ ကျွေးမွေးသော်လည်း အင်းဝခေတ်ထောင်တွင် ရာဇဝတ်သားများမှာ လေးယောက်တစ်စု၊ ငါးယောက်တစ်စု၊ ‘လက်မထောက်တန်း’ မှ ထောင်အမှုထမ်းများ ကြပ်မတ်လျက် မြို့တွင်း

တခွင်လှည့်လည်၍ ထမင်းကျန်ဟင်းကျန်များကို စားခဲ့ရလေသည်”

‘နိုင်ငံခြားသားတဦးအနေနဲ့ ဆရာယုဒသန်တို့ အင်းဝကြိုးတိုက်ထောင်နဲ့ အောင်ပင်လယ်လက်မရှိထောင်မှာနေခဲ့ရတာလည်း ပြောပြပါဦးဆရာရယ်’

အင်းဝကြိုးတိုက်ထောင်နှင့်အောင်ပင်လယ်လက်မရှိထောင်“ဆရာယုဒသန်နဲ့ဒေါက်တာပရိုက်စ်တို့ အင်းဝ၌အဖမ်းခံရချိန်မှာ အန်အနေနဲ့ အင်းဝကိုရောက်လာတာလပိုင်းပဲရှိသေးတဲ့အပြင် အန်၏ဝမ်းဗိုက်ထဲ၌လည်း ကိုယ်ဝန်က နေ့စေ့လစေ့ ရှိနေသည်၊ သို့ဖြစ်၍ ဆရာယုဒသန် ဘယ်မှာအချုပ်ခံနေရကြောင်းနဲ့ ဘယ်မှာ သွားတွေ့ရမှာဖြစ်ကြောင်း နိုင်ငံခြားသူအန်အနေနဲ့ စဉ်းစား၍ပင်မရပါ၊ အန်အတွက် တစ်ဦးတည်းသော မြန်မာမိတ်ဆွေမှာကွယ်လွန်သူ မြေထဲမင်း(ခေါ်) ရန်ကုန်မြို့ဝန်သာရှိသည်၊ အန်သည် ရန်ကုန်မြို့ဝန်ကတော်မှတဆင့် လိုက်လံရှာဖွေရတော့သည်။ နောက်ဆုံး အင်းဝကြိုးတိုက်ထောင်တွင် ရောက်နေကြောင်းသိရလျှင် ထောင်အာဏာပိုင်များမှတဆင့်လည်းကောင်း၊ ဆွေတော်မျိုးတော်များမှတဆင့်လည်းကောင်း ဆရာယုဒသန်တို့ လွတ်မြောက်ရေးအတွက် ကြိုးပမ်းရပြန်သည်”

“ယခု အန်တို့နေထိုင်သည့်အင်းဝနှင့် အင်းဝကြိုးတိုက်ထောင်မှာ အသွားလေးမိုင်ဝေးကွာသည်။ သို့ဖြစ်၍ နေ့စဉ် နေ့စေ့လစေ့ဖြင့် အသွားလေးမိုင်အပြန်လေးမိုင်ခရီးကို သွားနေရရှာသည်။ ဤသို့ရှိစဉ် ရန်ကုန်မှ စစ်ရေးသတင်းများကရောက်လာသည်။ ယင်းစစ်ရေးသတင်းကြောင့် ပထမ အင်းဝထောင်တွင်းရှိအိမ်ကြီးတစ်အိမ်တွင်နေရာချထားရာမှ ဆရာယုဒသန်တို့ကို ကြိုးတိုက်ထောင်တွင်းပြန်သွင်းကာ ခြေထိပ်၌ သံခြေတဆင့်ခတ်ရာမှ ယခု ငါးဆင့်အထိခတ်တော့သည်။

ယင်းသို့ စစ်သတင်းနှင့် ဆရာယုဒသန်တို့၏ သတင်းကိုနားစွင့်နေစဉ် ရွှေနန်းတော်မှ အရေးပေါ် ပြန်ခေါ်သောကြောင့် ‘စစ်သူကြီးမဟာဗန္ဓုလ’ ပြန်ရောက်နေကြောင်းသတင်းရရှိလေသည်။ အန်သည် ဆရာယုဒသန်နဲ့ ဒေါက်တာပရိုက်စ်တို့ လွတ်မြောက်ရေးအတွက်စစ်သူကြီးထံသွားရောက်၍ အကျိုးအကြောင်းတင်ပြကာအကူအညီတောင်းရပြန်ရှာသည်။ မဟာဗန္ဓုလသည် အန်ကို ကောင်းမွန်စွာပင်ဆက်ဆံသည်။ ဆရာယုဒသန်တို့လွတ်မြောက်ရေးမှာကား ရွှေနန်းတော်နှင့်ဆိုင်၍ မိမိအနေနှင့်မူ အင်းဝထောင်တွင်း၌ ဘေးအန္တရာယ်ကင်းဝေးစွာနေနိုင်ရန် အကူအညီပေးမည်ဟုပြောလေသည်။ ထိုမှ အန်၏ကိုယ်ဝန်မှာ မွေးဖွားလာတော့မည်ဖြစ်၍ အင်းဝထောင်သို့ပင် မသွားနိုင်တော့ပေ”

“သမီးလေး‘မာရီယာ’မွေးဖွား၍ ရက်သတ္တတပါတ်အကြာတွင် အန်သည် အင်းဝထောင်သို့ သွားမည်ပြုရာ အားလုံးကပိုင်းဝန်းတားမြစ်ကြရသည်။ ထိုအချိန်တွင် ရခိုင်စစ်မြေမှ ရန်ကုန်သို့ ပြောင်းရွှေ့လာသော စစ်သူကြီးမဟာဗန္ဓုလသည် ‘ဓနုဖြူ’၌ ရုတ်တရက်ကွယ်လွန်သွားရာသူ့နေရာ၌ နိုင်ငံခြားသားဟူသမျှ မျက်နှာမပေးသော‘ပုဂံဝန်’ကို အစားထိုးခန့်အပ်လိုက်သည်။ ပုဂံဝန်အမိန့်ဖြင့် အင်းဝထောင်ရှိနိုင်ငံခြားသားများအား ‘အောင်ပင်လယ်ထောင်’(လက်မရှိထောင်)သို့ပြောင်းရွှေ့ပစ်လိုက်သည်။ ယင်းအထဲတွင် ဆရာယုဒသန်နှင့် ဒေါက်တာပရိုက်စ်တို့လည်းပါဝင်သည်။ ဓနုဖြူတွင် မဟာဗန္ဓုလကျဆုံးပြီးနောက် အင်္ဂလိပ်စစ်တပ်သည် ရပ်တန့်ခြင်းမရှိဘဲ ပြည်မြို့သို့ဆက်လက်ချီတက်လာကြောင်း၊ စစ်သတင်းကရောက်ရှိလာသည်။ အန်သည် အင်းဝထောင်၌ ခင်ပွန်းသည်အားသွားရောက် တွေ့ဆုံလေရာ မတွေ့ရသဖြင့် မြို့ဝန်မင်းထံပြေးရပြန်လေ သည်။ မြို့ဝန်မင်းက ပုဂံဝန်အမိန့်ဖြင့် နိုင်ငံခြားသားများအား အောင်ပင်လယ်ထောင်သို့ပြောင်းရွှေ့ပစ်ကြောင်းပြောပြသည်”

“မြို့ဝန်မင်းသည် အောင်ပင်လယ်ထောင်သို့ အန်သွားရောက်နိုင်ရန် လမ်းပြတယောက်ကို ထည့်ပေးလိုက်သည်။ အန်သည် နီတာရဲသမီးလေး‘မာရီယာ’ကို ချီပိုးလျက် အင်းဝမှ ၁၂ မိုင်ဝေးကွာသော ‘အမရပူရ’ သို့လာရသည်။ တဖန် ‘အမရပူရ’မှ ၄ မိုင် ထပ်မံကွာဝေးသော အောင်ပင်လယ်ရွာသို့ ဆက်လက်လာရပြန်၏။ အန်၏နောက်တွင် အဖော်အဖြစ် ‘ဦးအင်း’နှင့် ကျောင်းသူလေးများ (ဦးရွှေဘော၏သမီးလေးများ)ကမာရီယာကိုအလှည့်ကျ ချီပိုး

ကြရသည်။ ခရီးမိုင်မှာ ၁၆ မိုင် ဝေးကွာ၍ အပူချိန်မှာ ၁၁၀ရှိလေသည်။ ဘကြီးတော်ဘုရား၏မိဖုရားခေါင် (မယ်နု)၏မောင်တော်(စလင်းမင်းသားကြီး)သည် နိုင်ငံခြားသားများအား လိုလားသူမဟုတ်၍ သုံးကြိမ် တိုင်ကွပ်မျက်ပစ်ရန် အမိန့်ပေးဘူးကြောင်း။ သို့ဖြစ်၍ ဆရာယုဒသန်နှင့် အပေါင်းပါ နိုင်ငံခြားသားများအား အဝေးသို့ပို့ထားရခြင်းဖြစ်ကြောင်း မြို့ဝန်မင်းက အန်အားပြောပြဘူးလေသည်”

“အောင်ပင်လယ်ရွာရောက်သည်နှင့် အန်သည်လက်မရှံ့ထောင်မှူးနှင့်တွေ့ဆုံသည်။ သမီးလေး မာရီယာနှင့်လာရသည့်ခရီးလမ်းအကြောင်းနှင့် ခင်ပွန်းသည်၏ကျန်းမာရေးအခြေအနေကိုရှင်းပြသည်။ အောင်ပင်လယ်ရွာတွင်နေရစဉ်ခင်ပွန်းသည်နှင့် အနီးဆုံးနေရာ၌နေထိုင်ရင်းခင်ပွန်းသည်အား စောင့်ရှောက်ခွင့်ကိုပါ အန်က ထောင်မှူးထံတင်ပြသည်။ အောင်ပင်လယ်ထောင်မှူးသည် သနားကြင်နာစိတ်ရှိသူဖြစ်၍ အန်၏ဆန္ဒအတိုင်း‘စပါးကျီ’တခုတွင် နေထိုင်ခွင့်ပြုလေသည်။ အောင်ပင်လယ် ‘လက်မရှံ့ထောင်’သည် နာမည်အရထောင်တစ်ခုလုံး အနံ့ဆိုးများမင်းမူနေသည်။ ဤထောင်မှာပင်လူတွေကို ကွပ်မျက်ပစ်သဖြင့် မကောင်းသောအနံ့များကမင်းမူနေခြင်းဖြစ်သည်။ ဆရာယုဒသန်ကိုယ်တိုင်ပက်လက်လှန်၍ ခြေနှစ်ချောင်းကိုတန်း၌ဆွဲထားလေသည်။ ဆရာယုဒသန်နှင့် အန်တို့ တတွေ အောင်ပင်လယ်၌ ခြောက်လခန့်နေရသည်။ ခြောက်လအတွင်း၌ မာရီယာမှာ ကျောက်ပေါက်သည်။ ဆရာယုဒသန်နှင့်အန်တို့နှစ်ယောက်စလုံး ဖျားနာကြသည်။ ‘ကူချီး’သည် ကလေးတာဝန်ရော လူကြီးတာဝန်ပါ ယူရရှာသည်။ ထူးထူးခြားခြားမှာ ရန်ကုန်အသင်းတော်မှ ‘ဦးရွှေငုံ’တစ်ယောက် အောင်ပင်လယ်ရွာသို့ရောက်လာခြင်းပင်ဖြစ်သည်။”

## ယုဒသန်နှင့် ရန္တပိုစာချုပ်

‘ဆရာခင်ဗျား၊ ယုဒသန်နဲ့ အင်းဝကြိုးတိုက်ထောင်နဲ့အောင်ပင်လယ်လက်မရှံ့ထောင်တို့ အကြောင်းတွေသိရပြီးတဲ့နောက်မှာ သမိုင်းမှာ အရေးကြီးတဲ့ ယုဒသန်ပါဝင်ခဲ့တဲ့ “ရန္တပို”စာချုပ် အကြောင်းလည်း သိပါရစေဆရာ’

“ရခိုင်ကနေ ရန်ကုန်ကိုလှည့်ဝင်လာတဲ့ ဗြိတိသျှတပ်တွေဟာ ခနေဖြူမှာမဟာဗန္ဓုလကျပြီး နောက်လည်း‘ပြည်’ကိုဆက်တက်ကြပြန်တယ်။ မဟာဗန္ဓုလနေရာမှာ အတွင်းဝန် ‘သီရိမဟာရာဇာ သကြိန်’နဲ့ ‘မဟာဥဇနာ’တို့ရဲ့တပ်တွေအပြင် ညီတော် မိုးနဲဗိုလ်မှူး ဒွါရဝတီမင်းသား ‘သီရိမဟာဓမ္မရာဇာ’ ရဲ့တပ်တွေအပါအဝင် ‘မလွန်’မှာ အခိုင်အမာတပ်တွေ ချပါတယ်။ ဒါပေမင့်‘ပြည်’က ဆုတ်ရတော့ ဗိုလ်ချုပ် ကင်းဘဲလ်ရဲ့အင်္ဂလိပ်တပ်ဖွဲ့ဟာ ပြည်မြို့ကို အလွယ် တကူပဲသိမ်းယူနိုင်ခဲ့ပါတယ်။ အင်္ဂလိပ်တပ်တွေဟာ ပြည်မြို့ကိုသိမ်းပိုက်နိုင်ခြင်းဟာ လောလောဆယ် စစ်ရေးရည်မှန်းချက်ပြည့်မြောက်ပြီဖြစ်လို့ ၁၈၂၅ ခု ဩဂုတ်လ ၆ ရက်နေ့မှာ ဗိုလ်ချုပ်ကင်းဘဲလ်က စစ်ပြေငြိမ်းရေးနဲ့စစ်လျော်ကြေးငွေရရှိရေးအတွက် မြန်မာဘုရင့် အစိုးရထံ ကမ်းလှမ်းလိုက်ပါတယ်၊ ဒီမှာ ဆရာယုဒသန်နဲ့ဒေါက်တာပရိုက်စ်တို့ အချုပ် အနှောင်ကလွတ်မြောက်ဖို့နဲ့ စစ်ပြေငြိမ်းရေးမှာ ပါဝင်ဘို့ဖြစ်လာပါတော့တယ်”

‘ဟုတ်ကဲ့ဆရာ ပြောပါ’

“စစ်ပြေငြိမ်းဘို့ဆိုတာက မလွဲမသွေ ‘လွှတ်တော်’က လုပ်ရတာမို့အချိန်မှာ အတင်အချ တွေလုပ်ရတာပေါ့။ ဒါကို အင်္ဂလိပ်တွေက သံသယတွေ ဝင်လာပြီး သူတို့ရဲ့တပ်တွေကို ရှေ့သို့သာတိုးခိုင်း ပါတော့တယ်။ ဒီလိုနဲ့ ၁၈၂၆ ခု ဂျန်နဝါရီ ၁၉ ရက်နေ့မှာ ဗိုလ်မှူး ‘မိုးနဲ’ရဲ့ ‘မလွန်’ ခံတပ်ဟာကျိုးပေါက်သွား ပါတော့တယ်။ ခနေဖြူခံတပ်ကျသွားပြီးတဲ့နောက် ခု မလွန်ခံတပ်ဟာ ဒုတိယအကြိမ်ပါပဲ။ ၁၈၂၆ ခု ဂျန်နဝါရီ ၃၁ ရက်၊ ဗိုလ်ချုပ်ကင်းဘဲလ် ရေနံချောင်းကို ရောက်ရှိ လာချိန်မှာ မြန်မာဘုရင့်အစိုးရနဲ့ စစ်ပြေငြိမ်းရေး သဘောတူညီချက်ကို အောင်ပင်လယ်မှ အင်းဝထောင် သို့ ပြောင်းရွှေ့ထားသော ဒေါက်တာပရိုက်စ်နဲ့ ဒေါက်တာဆင်းဖိုဒ့်(အင်္ဂလိပ်)တို့နှစ်ယောက် ယူဆောင် လာပါတယ်။ စစ်ပြေငြိမ်းရေးစာချုပ်ဆိုတာ အင်္ဂလိပ်– မြန်မာနှစ်ဘာသာဖြစ်တဲ့အတွက် အင်္ဂလိပ်လို၊ မြန်မာလိုနှစ်ဘာသာ ကျွမ်းကျင်ရန်လိုအပ်ပါတယ်။ ဒါကြောင့် ၁၈၂၆ ခု ဖေဖော်ဝါရီ ၁၃ရက် ဗြိတိသျှတပ် ရှေ့တန်းစစ်ဌာနချုပ်ကို သွားတဲ့အခါမှာတော့ ဆရာ

ယုဒသန်နဲ့ဒေါက်တာပရိုက်စ်တို့ နှစ်ယောက်စလုံး ပါရှိလာကြပါတယ်။ ဒီတုန်းကဗြိတိသျှရဲ့ စစ်ပရိယာယ်က စစ်ပြေငြိမ်းရေးစာချုပ်မချုပ်မီ 'တက်ပြီးရင်း တက်' ဖြစ်တဲ့အတွက် ၁၈၂၆ ခု ဖေဖော်ဝါရီ ၁၆ ရက်နေ့မှာ ဗြိတိသျှတပ်ဖွဲ့ အချုပ်ဟာ 'ရန္တပို' ရွာထိပ် ဆီကိုတောင်ရောက်လာပါတယ်။ ရန္တပိုကနေ အင်းဝနေပြည်တော် အရောက်ဆိုတာက လေးရက်ဆန်တက်လျှင် အင်းဝကို ရောက်ပါတယ်။ ဒါကြောင့်ပဲ 'ရန္တပိုစာချုပ်' လို့ ခေါ်ပါတယ်"

'စာချုပ်ကိုဘယ်သူတွေက လက်မှတ်ရေး ထိုးကြသလဲ ဆရာ'

"ပထမအကြိမ် အင်္ဂလိပ်–မြန်မာစစ်ပြေငြိမ်းရေး စာချုပ်ကို မြန်မာဘက်က 'လယ်ကိုင်းမြို့စားဝန်ကြီး မင်းကြီးမဟာမင်းလှကျော်ထင်' နှင့် 'ကျီဝန်အတွင်းဝန် မင်းကြီးမဟာမင်းလှသီဟသူ' တို့နှစ်ဦးက လက်မှတ်ရေးထိုးကြပြီး အင်္ဂလိပ်ဘက်က 'ဗိုလ်ချုပ်အာချီဘောကင်းဘဲလ်'၊ အုပ်ချုပ်ရေးအရာရှိ 'မစ္စတာသောမတ်စ်ရောဘတ်ဆန်' နဲ့ ရေတပ်စစ်ဦးစီးအရာရှိ 'ကပ္ပတိန်ချတ်' တို့အသီးသီးလက်မှတ်ရေးထိုးကြပါတယ်။ ဘာသာပြန်အရာရှိကတော့ အားလုံးသိထားပြီး ဖြစ်သည့်ဆရာယုဒသန်ပဲဖြစ်ပါတယ်။ အဲဒီလို ပထမအကြိမ် အင်္ဂလိပ်ကို စစ်ရှုံးတဲ့အတွက် မြန်မာဘုရင်က အောက်ပါနယ်မြေနဲ့ အောက်ပါငွေကြေးတို့ကို ဗြိတိသျှကို ပေးဆောင်ရပါတယ်"

၁။ မြန်မာဘုရင့်ပိုင် အာသံနယ်၊ ရခိုင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့အား ဗြိတိသျှအားပေးရခြင်း။

၂။ စစ်ရှုံးသောမြန်မာဘုရင်သည် ဗြိတိသျှ အား စစ်စရိတ်လျော်ကြေးငွေအဖြစ် "တကုဋေ"ပေးဆောင်ရခြင်း။

၃။ မဏိပူနယ်နဲ့ ကာချာနယ်တို့အား မြန်မာဘုရင့်တပ်များကတိုက်ခိုက်နှောင့်ယှက်ခြင်းမပြုရန် ခံဝန်ကတိပြုရခြင်း။

၄။ ထိုင်းနိုင်ငံ(ယိုးဒယား)နှင့်ဗြိတိသျှတို့သည် မဟာမိတ်ဖြစ်ကြောင်းမြန်မာဘုရင့်နိုင်ငံဘက်မှ အသိအမှတ်ပြုရန်။

'သဘောပေါက်ပါပြီဆရာ'

## သာသနာဌာနချုပ် ရန်ကုန်မှကျိုက္ခမီ

"စစ်အတွင်း၌ ဆရာယုဒသန်သည် အင်းဝ၌ ၂ နှစ်နှင့် ၃ လနေခဲ့ရသည်။ ၁ နှစ်နှင့် ၇ လမှာ အပြင်တွင်မနေရဘဲ အင်းဝကြိုးတိုက်ထောင်နှင့် အောင်ပင်လယ်လက်မရွှံ့ထောင်တွင်နေခဲ့ရခြင်းဖြစ်သည်။ စစ်ပြီးလျှင် ရွှေနန်းတော်ကလည်း ဆရာယုဒသန်ကို နေပြည်တော်၌ ဆက်လက်နေစေချင်သည်။ စစ်အတွင်း၌ ရန်ကုန်သာသနာ့စခန်းနှင့် ဆရာယုဒသန်၏ ကျန်းမာရေးမှာကြေမွသွားလေသည်။

ယင်းကို ဆရာယုဒသန် ဖိဖိစီးစီး ပြန်လည်ဆောင်ရွက်မှသာဖြစ်နိုင်တော့မည်။ ဆရာယုဒသန်သည် နေပြည်တော်၌ ဒေါက်တာပရိုက်စ်အား ထားရစ်ကာရန်ကုန်သို့ပြန်လာသည်။ ပြည်မြို့အရောက် တွင် မမျှော်လင့်ဘဲ ဆိပ်ကမ်း၌ 'မမင်းလေး' နှင့် 'မတုတ်' တို့ တပည့်နှစ်ယောက်ကိုတွေ့ရသဖြင့် ရန်ကုန်သို့ပြန်ခေါ်သွားသည်။ စစ်အတွင်း အောင်ပင်လယ်သို့ ရောက်လာသောဦးရွှေငုံမှာ အောက်ပြည်သို့ပြန်လာစဉ် ဝမ်းရောဂါဖြင့်ကွယ်လွန်သွားလေသည်"

"ဆရာယုဒသန်သည် ရန်ကုန်ပြန်ရောက်လျှင် ကြေမွနေသောသာသနာစခန်း၌ ခက်ခက်ခဲခဲ ရပ်တည်နေသော ဦးရွှေဘောကိုတွေ့ရသည်။ ဦးရွှေဘောကြောင့် သာသနာစခန်းသည် ရပ်တည်နေခြင်း ဖြစ်သည်။ ဦးရွှေဘောကြောင့်သာ ယခင်ခရစ်ယာန်တပည့် ၂၀ ဦးမှ ယခု တဝက်ထိရှိနေခြင်းဖြစ်သည်၊ စစ်အတွင်း ကြေကွဲစရာများကား တပုံတပင်ကြီးပင်ရှိလေသည်။ ဗိုလ်ချုပ်ကင်းဘဲလ်နဲ့ ဗြိတိသျှစစ်အရာရှိများက ဆရာယုဒသန်ကိုကြိုဆိုကြသည်။ ထိုအချိန်တွင် ဆရာယုဒသန်အဖို့ အင်းဝကို ဗဟိုပြု၍ သာသနာပြုရေးကိုစွန့်လွှတ်ပစ်လိုက်ပြီး ရန်ကုန်စခန်း၌ပင် ဗဟိုဆက်ထားမလား၊ သင့်တော်ရာဒေသတခုတွင် သာသနာစခန်းကိုဆက်ဖွင့်မလား၊ ဝေခွဲမရဖြစ်နေချိန်ဖြစ်သည်။ ဤတွင် ဗြိတိသျှအရာရှိများသည် မိမိတို့ပိုင် တနင်္သာရီတိုင်းနှင့်ရခိုင်ပြည်နယ်တို့တွင် သာသနာစခန်းဖွင့်လှစ်နိုင်ကြောင်းဆရာယုဒသန်အား ကမ်းလှမ်းလာလေသည်"

ဆက်လက်ဖော်ပြပါမည်။

## စာမူများဖိတ်ခေါ်ခြင်း၊

**မြန်မာခရစ်ယာန်** စာစောင်တွင် နိုင်ငံရေး၊ လူမျိုးရေး၊ ပုဂ္ဂိုလ်ရေး၊ ဘာသာရေးနှင့် ဂိုဏ်းဂဏများ အချင်းချင်း ထိခိုက်စေမှုကင်းသော၊ ကဗျာ၊ ဆောင်းပါး၊ ဓါတ်ပုံ၊ သက်သေခံချက်၊ သတင်းတိုထွာများကိုပေးပို့ပါရန် ခရစ်တော်၏ နာမတော်မြတ်၌ ဖိတ်ခေါ်အပ်ပါသည်။

ဤစာစောင်ကို လစဉ်ပုံမှန်အလိုရှိသောသူများ၊ သက်ဆိုင်ရာ မိမိတို့၏အသင်းတော်အသီးသီး၌သော်၎င်း၊ အောက်ဖေါ်ပြပါလိပ်စာ၌သော်၎င်း၊ မှာကြားနိုင်ပါသည်။

Myanmar Christian Communication Service
1-11-13 Shin Ohashi
Yonezawa Bldg.4.F.
Koto-ku 135-0007
Tokyo, Japan

☏- & 🖷 - 03-5625-9056
e✉ - haukhek@yahoo.com
e✉ - lianthang@hotmail.com

To.